သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၉)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်ပေါ်ထွန်းရေး နိုင်ငံ၏ဦးတည်ချက် လက်တွေ့ဖော်ဆောင် တိုင်းရင်းသားအားလုံး နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးတာဝန်များ ပါဝင်ထမ်းဆောင်ရေးဖန်တီးပေးလျက်ရှိ နယ်စပ်ဒေသများအားလုံး တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ကြုံရပြီ

ရန်ကုန် ဇွန် ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၃ နာရီ တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ရန်ကုန်နှင့် မန္တလေးပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသည့် ကျောင်းသားများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိ

စာမျက်နှာ ၈ ကော်လံ ၁ ✡

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ကရင်ပြည်နယ် (မြိုင်ကြီးငူဒေသ)မှ ကရင်တိုင်းရင်းသား မောင်စောတင်မိုးဝင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေး ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်မှ ခမိတိုင်းရင်းသား မောင်အောင်အောင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား မောင်ကြည်လင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

မူးယစ်ဆေးဝါးအန္တရာယ်ချုပ်ငြိမ်းပပျောက်ရေး ကိုယ့်အားကိုယ်ကိုး၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားမျိုးနွယ်အားလုံးကို လူညွှန့်တုံးစေနိုင်သည်။ မြန်မာ နိုင်ငံသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်း အတွင်းရှိ မီးရှို့ဆောင်၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်သည်။

(၁၈)ကြိမ်မြောက်ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများအနက် ဘိန်း ၇၁၀ ဒသမ ၄၉၇ ကီလို၊ ဘိန်းဖြူ ၃၅၃ ဒသမ ၇၅၄ ကီလို၊ ဆေးခြောက် ၉၉ ဒသမ ၀၂၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄၃၈၀၀ ပြား၊ စိတ်ကြွဆေးမှုန့် ၅၉ ဒသမ ၈၆၅ ကီလို၊ အက်ဖီဒရင်းဆေးမှုန့် ၂၃၂ ဒသမ ၅၃၅ ကီလို၊ ဒိုင်ယာဇီပမ် ဆေးပြား ၁၀၁၀ ပြားတို့ ပါဝင်သည်။

ယခုဖျက်ဆီးသည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးသည် အမေရိကန်နိုင်ငံ လမ်းမပေါ်က လက်လီ ဈေးနှုန်းအရ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၄၇ သန်းကျော် ရှိသည်။ (၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီး ခဲ့သော မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၄၅၂ သန်းကျော်ရှိကြောင်း သိရသည်။

မူးယစ်ဆေးဝါးပပျောက်သွားစေရန် တားဆီးနှိမ်နင်းရေးကဏ္ဍများသာမကဘဲ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု လျော့ကျပပျောက်သွားစေရန် ၁၅ နှစ်စီမံကိန်းကို ၁၉၉၉–၂၀၀၀ ပြည့်နှစ်က စတင်ဆောင်ရွက် ခဲ့သည်မှာ ယခုအခါ ပထမငါးနှစ်ကာလကုန်လွန်ခဲ့ပြီဖြစ်သည်။ ပထမငါးနှစ်ကာလအတွင်း လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွစွာ ကွပ်ကဲကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်း ဆောင်များ၊ တိုင်းရင်းသားပြည်သူများက တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း၊ နိုင်ငံတော် အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက်မိမိ အကောင် အထည်ဖော်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာ ခြင်းတို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များ အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒုတိယငါးနှစ်စီမံကိန်းအောင်မြင်ရေးကိုလည်း မူလ လုပ်ငန်းတာဝန်ကြီးများဖြစ်သည့် ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ်တို့ကိုလည်း ၁၅ နှစ် စီမံကိန်းရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်ပြီး တစ်နိုင်ငံတည်း ကြိုးပမ်းဆောင်ရွက်၍ မအောင်မြင်နိုင်ကြောင်း သဘောပေါက်ခံယူထားသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်သည့် မျက်နှာစာကိုဖွင့်ပြီး နှစ်နိုင်ငံချင်း၊ သုံးနိုင်ငံချင်းနှင့် ဒေသခွဲအတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံတကာအကူအညီ အထောက်အပံ့မရရှိခဲ့သော်လည်း မူးယစ် ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်ရေးကို နိုင်ငံ့အကြီးအကဲများ ချမှတ်ထားသော လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာများအတိုင်း လိုက်နာကျင့်သုံးလျက် ကိုယ့်အားကိုယ်ကိုး၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

မြန်မာအမျိုးသမီးများနေ့

MYANMAR WOMEN'S DAY

ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများစွမ်းရည်မြှင့်သင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများ စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ်(၄/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်း အနားကို ဇွန် ၂၅ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်(ရိပ်သာ)ခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သင်တန်းဆင်းလက်မှတ်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသားကိုယ်စားလှယ် အရာရှိ တစ်ဦးစီအား ဝန်ကြီးက ချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က နည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့် ပေးအပ်သည်။

သင်တန်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေး ဌာနတွင် ၂၀၀၄ ခုနှစ် မေ ၃၁ ရက်မှစတင်၍ သင်တန်း ကာလ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ စုစုပေါင်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဝေနေယျသုခရေချမ်းစင်အသင်း ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း(၉၉) နှစ်ပြည့်အထိမ်းအမှတ် ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရဘက်စုံ ပြုပြင်မှု လုပ်ငန်းများ အတွက် ငွေကျပ် ၄၈ သိန်း လှူဒါန်းမှု၊ ရွှေတိဂုံစေတီတော်အခါကြီး ရက်ကြီးများတွင် သောက်ရေသန့်ဘူးပေါင်းသုံးသိန်းလှူဒါန်းမှု ရေစက်ချပွဲနှင့် နှစ်စဉ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့ ဝေနေယျသုခ ဓမ္မာရုံတွင် ပြုလုပ်ရာ ဩဝါဒါစရိယ ခြောက်ထပ်ကြီး ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဦးခေမိန္ဒကငါးပါးသီလ ချီးမြှင့်ပြီး ရေစက်ချတရားချီးမြှင့်သည်။ (ကပ)

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုကြိုဆို ဝင်ငွေခွန်နှင့်စာရင်းစစ်ကြေးပေးအပ်

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အတွင်းရှိ သမဝါယမအသင်းများက ဝင်ငွေခွန်နှင့် စာရင်း စစ်ကြေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် မရမ်းမြေ အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ရုံးခန်းမ၌ ကျင်းပရာ မရမ်းကုန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီး အရာရှိ ဦးအောင်မိုးကျော်က တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ တွဲဖက်ဦးစီးမှူး ဦးရော်မန်း၊ မြို့နယ်အတွင်းရှိ သမဝါယမ အသင်းများမှ ဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များ တက် ရောက်ကြပြီး တာဝန်ရှိသူများထံ ဝင်ငွေခွန် ၂၉၀၇၁၄ ကျပ် နှင့် ၉၄ ပြား၊ စာရင်းစစ်ကြေးငွေကျပ် ၃၀၉၄၁၀ နှင့် ၁၅ ပြား ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၂၁)

မြဝတီရုပ်မြင်သံကြား

၂၈–၆–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲ လန်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်းနူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)မြန်မာစာ (မြန်မာမှုပညာအထူးပြု) (ခ)မြန်မာ့ဇာတ်ပွဲ သဘင်နှင့် အနုပညာ
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၉)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သားဆိုးသားမိုက်"** (အပိုင်း–၄)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းဘိုးဘွားရိပ်သာမင်္ဂလာပန္နက်တင်ရတနာအုတ်မြစ်စီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းဘိုးဘွားရိပ်သာ မင်္ဂလာပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျောက်တန်းမြို့ ပါဒကြီးစံပြကျေးရွာရှိ အဆိုပါ ဘိုးဘွားရိပ်သာတည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့ ပါဒကြီး စံပြကျေးရွာရှိ ဘိုးဘွားရိပ်သာတည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည့် မင်္ဂလာပန္နက်တင်နှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာရွှေပန္နက်တော်ကိုစိုက်ထူပေးစဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး များ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ပန္နက်တော်စိုက်ထူ

အစီအစဉ်အရ ဘိုးဘွားရိပ်သာ အဆောက်အအုံ ပန္နက်တင်နှင့် အုတ် မြစ်စီ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မင်္ဂလာ ရွှေပန္နက်တော်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း သည်။

ထိုအချိန်တွင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က သဗ္ဗ ဇေယျာ မင်္ဂလာအောင်ဂါထာကို ရွတ်ဆိုပူဇော်သည်။

အုတ်မြစ်စီ

မင်္ဂလာအချိန်တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရတနာရွှေအုတ်ကို အုတ်မြစ်တော်တွင် စီပြီးအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့်ဝန်ကြီးများသည် သတ်မှတ် နေရာအသီးသီး၌ ရတနာငွေအုတ်များ ဖြင့် အုတ်မြစ်တော်ကို ပြိုင်တူစီကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းသည်။

ကမ္ပည်းမော်ကွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အုတ်မြစ်တော်၏ ဗဟိုနေရာတွင် ရတနာငွေကြုတ်ကို ထည့်သွင်းပေးပြီး ကမ္ပည်းမော်ကွန်း စာကို အုတ်မြစ်တော်၌ ဖုံးအုပ်ပေး သည်။

ထိုအချိန်တွင် မဟာသဒ္ဓမ္မဇော တိကဓဇ ဦးရှိန်အောင်ဗိုလ်က ရတနာ သုံးပါးဦးထိပ်ထားသည့် ဘဝတုသဗ္ဗ မင်္ဂလံအောင်ဂါထာရွတ်ဆိုပူဇော်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာ

မင်္ဂလာအခမ်းအနား အောင်မြင် ခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းပေးသည်။

ဆက်လက်၍ ရှင်းလင်းခန်းမ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ကျောက်တန်းမြို့ဘိုးဘွားရိပ်သာတည် ဆောက်ရန် ပေါ်ပေါက်လာမှုနှင့် ဘိုး ဘွားရိပ်သာ၌ အဘိုးဆောင်၊ အဘွား ဆောင်၊ ဆေးခန်းနှင့် စာကြည့်ခန်း၊ ရုံးခန်းနှင့်ဧည့်ခန်း၊ ထမင်းစားဆောင်၊ ထမင်းချက်ဆောင်၊ ဓမ္မာရုံနှင့် နားနေ ဆောင်များထည့်သွင်းတည်ဆောက် ရန်စီစဉ်ထားမှု၊ စေတနာရှင်အလှူရှင် များက ပါဝင်လှူဒါန်းထားမှုနှင့် ပတ် သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အေစီအီး ဆောက် လုပ်ရေးအုပ်ချုပ်မှုဒါရိုက်တာ ဦးတင့် ဆန်းက ကျောက်တန်းမြို့ဘိုးဘွား ရိပ်သာ အဆောက်အအုံများ၏ အကွက်ချပုံစံနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့်အခြေ အနေကိုရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကျောက်တန်းမြို့နယ် ကျိုက် ပါဒကြီးဆံတော်ရှင် စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး စေတီ၏ ဘက်စုံမွမ်းမံမှုလုပ်ငန်းများ ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကျောက်တန်းအားကစား ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကျောက်တန်းမြို့ ကန်စိမ်းကန် သို့ရောက်ရှိကြရာ ရန်ကုန်တိုင်း စည်ပင် သာယာရေး ဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးကြဲတိုင်းဆောင်က ကန်စိမ်း ကန် ပြုပြင်မွမ်းမံမှု လုပ်ငန်းများ နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် က လိုအပ်သည်များ မှာကြားပြီး သန်လျင်မြို့ သန်လျင်ရတနာအခြေခံ ပညာမူလတန်းကျောင်းဖွင့်ပွဲသို့ တက် ရောက်ရန် သန်လျင်မြို့သို့ ဆက်လက် ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကျောက်တန်းမြို့၌ဆောင်ရွက်နေသော အားကစားခန်းမ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အချိုးအစားညီစွာအမှန် အမျိုးသားညီလာခံ

ဒို့မြန်မာပြည်ထောင်စု
တည်ထောင်ပြုဆောက်တည်၊
ညီနောင်စု လက်တွဲညီလျှင်
အခက်ခဲ မထိကျော်လွှား၊
အကြောင်းတရားသုံးပါးစုံညီ
နှလုံးအားတည် ဆွေးနွေးကြအများ၊
အလွယ်တွေး မနှေးသာ
အရေးပါစဉ်းစား၊
အစုအဖွဲ့ကိုယ်စားနှင်း
အမြင်ချင်းဖလှယ်ကာ၊
လိုအပ်ရာမှန်သမျှ
မကျန်ရ နှီးနှောသည်မှာ၊
အမျိုးသားညီလာခံတွင်
တွေးမြော်မြင် မှတ်တမ်းပြု
ပြည်သူ့ရဲ့ကိုယ်စားလှယ်တွေ
ညှိနှိုင်းကြပေ။
ကြိုးစားသမှု အမျိုးသားညီလာခံ
အချိုးစားညီစွာ အမှန်ကွယ့်လေး ။ ။

သိန်းညွန့် (ပန်းမြို့ဆယ်)

အီရတ်သို့ ဆွစ်တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ် အီရတ်တို့ အထင်အမြင်လွဲမည်ကို စိုးရိမ်ကြောင်းပြောကြား

ဂျီနီဗာ ဇွန် ၂၅

အီရတ်တွင်ဆောင်ရွက်နေသော ဆွစ်လုပ်ငန်းအဖွဲ့များကို ကာကွယ်ရန်အတွက် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ပေးခြင်းကို အီရတ်တို့ အထင်အမြင်မှားမည်စိုးသည့်အတွက် လွှတ်ပေးမည်မဟုတ်ကြောင်း ဆွစ်အစိုးရက ကြာသပတေးနေ့၌ ကြေညာလိုက်သည်။

အကယ်၍ အီရတ်၌ဆောင်ရွက်နေသော လုပ်ငန်းအဖွဲ့များကို ကာကွယ်ရန်အတွက် ဆွစ်တပ်ဖွဲ့ဝင်များစေလွှတ်လျှင် အီရတ်တို့က ဆွစ်ဇာလန်နိုင်ငံသည် အမေရိကန်ဦးဆောင်သောစစ်ပွဲကို ထောက်ခံသည်ဟု ယုံကြည်ကြလိမ့်မည်ဟု အစိုးရကထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

တောင်းဆို

ဘဂ္ဂဒက်ရှိ ဆွစ်လုပ်ငန်းအဖွဲ့ကို လောလောဆယ် အကာအကွယ်ပေးနေသော တောင်အာဖရိက ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ အမ်တီအက်စ်နေရာတွင် အစားထိုးရန်အတွက် ဆွစ်တပ်ဖွဲ့ဝင်များ စေလွှတ်မည့်ကိစ္စကို စဉ်းစားရန် ပါလီမန်အမတ်အချို့က အစိုးရအား တောင်းဆိုခဲ့သည်။

လေ့ကျင့်ပေး

အမ်တီအက်စ်သည် အမေရိကန်အရာရှိများနှင့် ဗြိတိသျှဖွံ့ဖြိုးရေးအေဂျင်စီများကို အကာအကွယ်ပေးလျက်ရှိသည့်ပြင် အီရတ်ရဲအဖွဲ့ကိုလည်း လေ့ကျင့်ပေးနေသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာကူဘာမြို့တွင် အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်စီးနင်း ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်မြို့၌ အီရတ်ရဲများ ပိုမိုကင်းလှည့်စောင့်ကြပ်နေရ

ရာမာဒီ ဇွန် ၂၄

လာမည့်သီတင်းပတ်၌ အီရတ်တို့ထံ အုပ်ချုပ်ရေးပြန်လည်လွှဲပြောင်းတော့မည်ဖြစ်ရာ အီရတ် ရဲတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့အတွင်း၌ ပိုမိုတင်းကျပ်စွာ ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။

အီရတ်နိုင်ငံ ရာမာဒီမြို့၌ အီရတ်ရဲအရာရှိနှစ်ဦး တိုက်ခိုက်သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။ မျက်မြင်သက်သေများ ပြောကြားချက်အရ ၎င်းတို့၏ မော်တော်ယာဉ်မှာ သေနတ်နှင့်ပစ်ခတ်ခြင်းခံရပြီး ဦးခေါင်းများကို ထိမှန်ကာ သေဆုံးသွားခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသိမ်းပိုက်ချိန်ကစပြီး အီရတ်ရဲအရာရှိများသည် ပစ်မှတ်ထား တိုက်ခိုက်ခံနေရခြင်း ဖြစ်သည်။ ပြီးခဲ့သောလများအတွင်း သေဆုံးသူ အီရတ်ရဲအရာရှိ ၃၀၀ကျော်ရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။ **(စီစီတီဗွီ)**

အီးယူနှင့်ထိပ်သီးဆွေးနွေးရန် ဘုရှ်လာမည့်ကိစ္စ အိုင်ယာလန်တွင် လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ

ဒဗ္ဗလင် ဇွန် ၂၆

ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲအတွက် သမ္မတဘုရှ်လာရောက်မည့်ကိစ္စကို အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် လူထောင်ပေါင်းများစွာက သောကြာနေ့၌ ချီတက်ကာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

စည်းရုံးလှုံ့ဆော်မှု ဘုရှ်ရပ်တန့်ပါဆိုသော နဖူးစည်းစာတန်းအောက်တွင် လူ၁၀၀၀၀ ခန့်ဆန္ဒပြခဲ့ကြပြီး ဘုရှ်အားပြစ်တင်ရှုတ်ချခဲ့ကြသည်။ ဆန္ဒပြသူများသည် ဒဗ္ဗလင်မြောက်ပိုင်းမှနေ၍ တောင်ပိုင်းရှိ ဝန်ကြီးချုပ်ဘာတီအဟန်း၏ရုံးအထိ ချီတက်ဆန္ဒပြကြသည်။

အသုံးချ

ထို့ပြင် ဆန္ဒပြသူများသည် ရှန်နွန်လေဆိပ်အား အမေရိကန်စစ်ဘက်ဆိုင်ရာ လေယာဉ်များ လောင်စာဆီဖြည့်ရာ လေဆိပ်အဖြစ် အသုံးချနေခြင်းကိုလည်း ရပ်တန့်ရန် တောင်းဆိုခဲ့ကြသည်။

ဒေါသဖြစ်

ဝန်ကြီးချုပ်အဟန်းက အီရတ်သို့သွားမည့်တပ်ဖွဲ့များအတွက် ရှန်နွန်လေဆိပ်ကို ဆက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ခဲ့ရာ လူအများက ဒေါသဖြစ်ခဲ့ကြသည်။

ရေးသား

ဆန္ဒပြသူတစ်ဦးကိုင်ဆောင်ထားသော ဆိုင်းဘုတ်တစ်ခုတွင် အမေရိကန်ပြည်သူများအား ဘုရှ်ကိုမဲမပေးရန် ရေးသားထားသည်ကို တွေ့ရသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ် ပြောက်ကျား တစ်ဦးကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ အာဖဂန်အားတိုက်ခိုက်ချိန်မှစပြီး ကန်တပ်ဖွဲ့ ၅၉ဦးသေဆုံး

ကဘူးလ် ဇွန် ၂၆

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ပြောက်ကျားများနှင့်တိုက်ပွဲဖြစ်ပွား၍ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့၌ ပြောကြားသည်။

အဆိုပါ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးမှာ ပါကစ္စတန်နယ်စပ်ရှိ ကူနာပြည်နယ်၌ သောကြာနေ့ညနေပိုင်းက သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ပြောကြား

ဒဏ်ရာရ မရိန်းတပ်ဖွဲ့ဝင်မှာ သေနတ်ကျည်ထိမှန်ခံရ၍ ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ မည်ကဲ့သို့သေဆုံးသွားရသည်ကို အသေးစိတ်မသိရှိကြောင်း ၎င်းအမျိုးသမီးက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်များနီးစပ်လျက်ရှိသည့် နရေးဟုခေါ်သော တောင်တန်းထူထပ်သောခရိုင်၌ အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကူနာဒေသနေ ပြည်သူများက ပြောကြားသည်။

ပစ်ခတ်ခြင်းခံရ

မိမိတို့သည် အဆိုပါသေဆုံးသည့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး၏ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း၊ ရိုင်ဖယ်သေနတ်များဖြင့် ရုတ်တရက် တိုက်ခိုက်ပစ်ခတ်ခြင်းခံရခြင်းဖြစ်ကြောင်း ၎င်းဒေသခံများက ပြောဆိုကြသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံအား စတင်တိုက်ခိုက်ချိန်မှစတင်ပြီး တိုက်ပွဲ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၉ ဦးပင်ရှိပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များစေလွှတ်မှု မှားယွင်းကြောင်း ကန်နိုင်ငံသား ၅၄ ရာခိုင်နှုန်းက သဘောထားစစ်တမ်း၌ ဖော်ပြ

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်နိုင်ငံသား ထက်ဝက်ကျော်ဖြစ်သော ၅၄ ရာခိုင်နှုန်းသည် အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းသည် မှားကြောင်း ယခုအခါ ပြောဆိုကြသည်ကို ကြာသပတေးနေ့က ထုတ်ပြန်သော လူထုသဘောထားစစ်တမ်းသစ်အရ သိရသည်။

လူထုသဘောထားစစ်တမ်းကို တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့ထိ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံသားအများစုက အီရတ်ကို အမေရိကန်စစ်ပွဲဆင်နွှဲခြင်းသည် အမေရိကန်ပြည်ထောင်စုအတွက် အကြမ်းဖက်မှုမှ လုံခြုံဘေးကင်းခြင်းမရှိကြောင်း လက်ခံယုံကြည်ကြသည်ကို ပထမဆုံး သိရှိခဲ့ရသည်။

အီရတ်၌ အကြမ်းဖက်မှု ဆက်ဖြစ်နေခြင်းနှင့် စစ်ပွဲ၏တရားမျှတမှုနှင့်ဆိုင်သော မေးခွန်းများက အမေရိကန်အစိုးရအပေါ် ထောက်ခံမှုကို ပျက်ပြားစေသည်ကို ယင်းလူထုသဘောထားစစ်တမ်းကောက်ယူချက်၌ ဖော်ပြခဲ့သည်။

လွန်ခဲ့သည့်နှစ်၌ အီရတ်စစ်ပွဲစခဲ့ချိန်တွင် ပြည်သူသုံးဦးလျှင် တစ်ဦးက အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သော အီရတ်သို့ တပ်များစေလွှတ်ခြင်းသည် မမှားကြောင်း ပြောဆိုခဲ့ကြပြီး လွန်ခဲ့သည့်သုံးပတ်၌ ၅၈ ရာခိုင်နှုန်းက ထိုသို့ရှုမြင်နေဆဲ ဖြစ်သည်။

သမ္မတဂျော့ဒဗလျူဘုရှ်က အီရတ်စစ်ပွဲကို အကြမ်းဖက်မှုနှင့် ဆက်စပ်လိုက်ချိန်တွင်မူ လူထုသဘောထားစစ်တမ်းကောက်ယူသူ ၅၅ ရာခိုင်နှုန်းက ယခုအကြိမ်၌ စစ်ပွဲသည် အမေရိကန်တို့အား အကြမ်းဖက်မှုကို တိုက်ခိုက်ရာ၌ အားပျော့စေခဲ့သည်ဟု ဆိုကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သန်လျင်မြို့နယ် သန်လျင်ရတနာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ယနေ့နံနက်၁၁နာရီတွင် ကျင်းပသည့် ရန်ကုန်တိုင်း ရန်ကုန်–သန်လျင်တံတားအမှတ်(၁)အနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်လှူဒါန်းသော သန်လျင်မြို့နယ် သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်

အစီအစဉ်အရ သန်လျင်မြို့နယ် သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ကျောင်းခန်းမ၌ကျင်းပရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် မိမိတို့ဌာနနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ ကျောင်းပေါင်း ၂၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

သန်လျင်မြို့နယ် သန်လျင်ရတနာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ **(သတင်းစဉ်)**

ဂေါက်ကွင်းတည်ဆောက်

S.P.A, F.M.I Co., Ltd. အနေဖြင့် ပန်းလှိုင်နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းနှင့်အဆင့်မြင့်အိမ်ရာစီမံကိန်းကို မိမိတို့ဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ပြီး ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံခြားမှလာရောက်လုပ်ကိုင်နေသည့် ပညာရှင်များ၊ စက်ယန္တရားများနှင့် ဂေါက်ကွင်းတည်ဆောက်သည့်အတွေ့အကြုံများလည်း ရရှိပြီးဖြစ်သည့်အတွက် သန်လျင်ရတနာစီမံကိန်း၏ အနောက်ဘက်ခြမ်းတွင် ဂေါက်ကွင်းတစ်ကွင်း တည်ဆောက်ရန် အဆိုပြုတင်ပြထားပါကြောင်း။

ယခုဂေါက်ကွင်းသည် ပန်းလှိုင်ဂေါက်ကွင်းကဲ့သို့ အဆင့်မြင့်အိမ်ရာများ မပါရှိဘဲ အဆင့်လတ် လေးထပ်တိုက်ခန်းအိမ်ရာများကို စီမံရေးဆွဲပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သန်လျင်ရတနာအိမ်ရာစီမံကိန်းနှင့် သန်လျင်ဂေါက်ကွင်းအိမ်ရာစီမံကိန်းများအတွက် ပညာရေးနှင့် စီးပွားရေးအဆောက်အအုံများ လိုအပ်လာပါကြောင်း။

ယင်းစီမံကိန်းများ အောင်မြင်စေရန်အတွက် မိမိတို့ဌာနအနေဖြင့် သန်လျင်ရတနာ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် Shop House ဈေးဆိုင်ခန်းများ၊ Open Market၊ Cover Market များ တည်ဆောက်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သန်လျင်မြို့၌ ဆောင်ရွက်နေသည့် ပန်းလှိုင်(သန်လျင်) ဂေါက်ကွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ဂေါက်ကွင်းနှင့် အိမ်ရာစီမံကိန်းများမှာလည်း သစ်ပင်၊ ပန်းပင်များနှင့် လှပခံ့ညားစွာ ပေါ်ထွက်လာနိုင်မည်ဟု မျှော်မှန်းထားသည့်အတွက် ယခုဆောက်လုပ်ခဲ့သည့်ကျောင်းကို ကျောင်း၏ပုံစံ၊ ခြံစည်းရိုးများ၊ ဝန်ထမ်းအိမ်များကို အခြားကျောင်းများထက် သာလွန်ကောင်းမွန်အောင် ရေးဆွဲစီမံဆောင်ရွက်ထားပါကြောင်း၊ ယခုကျောင်းတွင် စီမံကိန်းနှစ်ခုမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ သားသမီးများ ၁၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း၊ အိမ်ခြေလူဦးရေများလာသည်နှင့်အမျှ အလယ်တန်းကျောင်းမှသည် အထက်တန်းကျောင်းအထိ ဖွင့်လှစ်နိုင်အောင် စီမံထားရှိပါကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ကျောင်းသစ်ဖြစ်သည့်အတွက် ကျောင်းသုံးပရိဘောဂများအပြည့်အစုံဖြည့်ဆည်းပေးထားပါကြောင်း၊ မူလတန်း ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းဝတ်စုံများကိုလည်း လှူဒါန်းပေးထားပါကြောင်း၊ ယနေ့ ကျောင်းကို ခံ့ညားလှပအောင် ပုံစံရေးဆွဲပေးသည့် ဝိသုကြုံဗိသုကာအဖွဲ့နှင့် တည်ဆောက်ပေးသည့် အောင်ရတနာဆောက်လုပ်ရေးအဖွဲ့၊ ကျောင်းရန်ပုံငွေအတွက် ငွေလှူဒါန်းပေးကြသည့်အလှူရှင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ကျောင်းကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ကျောင်းဆရာ၊ မိဘ၊ ကျောင်းသူ ကျောင်းသားများ ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဗိုလ်မှူးကြီးတင်ထွန်းက ကျောင်းဆောင်သစ်၏မြေနေရာ၊ အဆောက်အအုံတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် သန်လျင်ရတနာ အခြေခံပညာမူလတန်းကျောင်းအတွက် ပညာရေးငွေပဒေသာပင် အလှူငွေများအဖြစ် S.P.A, F.M.I ကုမ္ပဏီလီမိတက်၊ ထွဋ်ခေါင်ဖွံ့ဖြိုးရေးကုမ္ပဏီနှင့် KMA ဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ Asia Express ဆောက်လုပ်ရေးကုမ္ပဏီ၊ အေးရိပ်ငြိမ်ကုမ္ပဏီ၊ အောင်ရတနာကုမ္ပဏီနှင့် A.M ဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်သုံးသိန်းစီ၊ နေလအထွေထွေထုတ်လုပ်ရောင်းဝယ်ရေး **စာမျက်နှာ ၆ ကော်လံ ၁**

28-6 (05).p65 1 03/24/1905, 8:44 PM

စာမျက်နှာ ၅ မှ

သမအသင်းလီမိတက်က ငွေကျပ်နှစ်သိန်း၊ ငွေဝင်းအောင် ဆောက်လုပ်ရေးကုမ္ပဏီ၊ ကျေးညီနောင် အထွေထွေဆောက်လုပ်ရေးကုမ္ပဏီ၊ ရွှေမိသားစု ဆောက်လုပ်ရေးကုမ္ပဏီနှင့် Grand Master Asia Co.,Ltd.တို့က ငွေကျပ်တစ်သိန်းစီ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်တို့က လက်ခံကြသည်။

ထို့နောက် သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးသိန်းထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ယနေ့ယခုလို ခမ်းနားထည်ဝါသည့် မူလတန်းကျောင်းအဆောက်အအုံသစ်ကို လွှဲပြောင်းလက်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်နေ့တစ်နေ့ဟု ဆိုနိုင်ကြောင်း၊ အမျိုးသားပညာရည် မြင့်မားရေးဆောင်ရွက်ရာတွင် ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးသည် အဓိကကျသလို ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေးမှာ ကဏ္ဍတစ်ခုအနေဖြင့် အရေးကြီးကြောင်း။

အခြေခံရော အဆင့်မြင့်ပါတိုးတက်

သန်လျင်ဒေသမှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှုကြောင့် ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်နေသလို ပညာရေးတွင်လည်း မြို့နယ်အတွင်း ကျေးရွာတိုင်း၌ အခြေခံပညာကျောင်းများအပြင် သန်လျင်မြို့၌ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်များ ဖွင့်လှစ်ပေးထားသည့်ကျောင်း ၁၈ ကျောင်း ရှိကြောင်း၊ ယခုအခါ ကျောင်းသူလူငယ်များ၏ ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်းမှာ အခြေခံရော အဆင့်မြင့်မှာပါ တိုးတက်မြင့်မားနေကြောင်း။

ပညာရေး၌ ဘက်စုံပြည့်စုံသော ဒေသဖြစ်စေရန် ယခုကဲ့သို့ အခြေခံပညာမူလတန်းမှ အလယ်တန်း၊ အထက်တန်းအထိ ဖွင့်လှစ်နိုင်သော ခံ့ညားထည်ဝါသည့်ကျောင်းအဆောက်အအုံကို တည်ဆောက်လွှဲပြောင်းပေးသည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအလှူရှင်များကိုပါ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် SPA, FMI ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသိမ်းဝေက သန်လျင်မြို့နယ်၌ ပန်းလှိုင်(သန်လျင်) ဂေါက်ကွင်း တည်ဆောက်ရေး၊ အိမ်ရာနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ (Pun Hlaing Links) ဆောင်ရွက်နေမှုတို့ကို Power Point ဖြင့်ပြသ၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သန်လျင်ရတနာအခြေခံပညာမူလတန်းကျောင်းဆောင်သစ်မှာ အလျား ၃၀၁ပေ၊ အနံပေ ၃၀ ရှိ RC အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်း ၁၄ ခန်း ပါရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပန်းလှိုင်(သန်လျင်)ဂေါက်ကွင်း တည်ဆောက်မည့်နေရာ၊ အိမ်ရာနှင့် ဆက်စပ်အဆောက်အအုံများတည်ဆောက်မည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

ညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၇

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇ နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြီးမြင့် ရိုက်ကူးပြီး သရုပ်ဆောင်ရဲအောင်၊ ဇော်ဦး၊ မို့မို့မြင့်အောင်၊ ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **“သရဖူ”** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၂၇

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ အမှတ်(၁)တပ်ထိန်းတပ်(ရေ) တပ်မှူး ဗိုလ်မှူးသိန်းထူး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးမျိုးညွှန့်၊ ဦးတင်အောင်နှင့် ဦးတင်မောင်ကြည်၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ အားကစားလေ့ကျင့် ကုန်ပစ္စည်းဆိုင်များ ပိတ်ရက်မရှိရောင်းချ

ရန်ကုန် ဇွန် ၂၇

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသောလမ်းလျှောက်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခြင်း **(အောက်ပုံ)**နှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများကို ယနေ့နံနက် စောစောပိုင်းမှ စတင်ကာ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၊ ကိုယ်ကာယ လေ့ကျင့်ရေးစခန်း၊ ဘိလိယက်ခန်းမနှင့် ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းတို့၌ လေ့ကျင့်ကြသည်။

ရောင်းချပေး

အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်က အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊အလှကုန်၊အဝတ်အထည်၊ စာရေးကိရိယာနှင့် ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (ဂျီအီးစီ)အရောင်းဆိုင်ကလည်း ညီလာခံကိုယ်စားလှယ်များအတွက် လိုအပ်သော ပစ္စည်းများကိုလည်းကောင်း ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

အလားတူဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ညောင်နှစ်ပင်စခန်း၌ ဆက်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိပြီး စာပို့တိုက်လုပ်ငန်း၊ကြေးနန်းလုပ်ငန်းနှင့် ပြည်သူသုံးတယ်လီဖုန်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ဆောင်မှုလုပ်ငန်း

ထို့ပြင်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအရောင်းဆိုင်က သန့်ရှင်းလတ်ဆတ်သည့် အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာပစ္စည်းများ၊ ပျားရည်ထွက်ပစ္စည်းများ၊ စည်သွတ်ဘူးများကို ရောင်းချပေးလျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ဆံသဆိုင်ဖွင့်လှစ်ထားပေးကာ ဆံသလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ ပင်မင်းဝန်ဆောင်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူပဒေသာစားသောက်ဆိုင်နှင့် Lucky One စားသောက်ဆိုင်တို့ကလည်း သန့်ရှင်းလတ်ဆတ်သော စားသောက်ဖွယ်ရာများကို ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ်အတွဲ(၁)၊ အမှတ်(၇)ကို ဖြန့်ချိလိုက် ပြီဖြစ်သည်။

ယခုအပတ်ထုတ်ဂျာနယ်တွင် မုံရွာကြေးနီစီမံကိန်းတွင် အရည်အသွေးမြင့်ကြေးနီများထပ်တွေ့၊ ဇီဝမြေသြဇာစက်များရောင်းချရန် မလေးရှားကုမ္ပဏီက မြန်မာ့ဈေးကွက်ကို စိတ်ဝင်စား၊ ဝါးထွက်ကုန် မီးသွေးနှင့် ဗန်နီဂါရည်များ ဂျပန်သို့တင်ပို့နေရ၊ အထပ်မြင့်အဆောက်အအုံများ ငလျင်ဒဏ်ခံစနစ်များဖြင့်တည်ဆောက်မည်၊ ကုန်သွယ်လုပ်ငန်းခွန်အချို့ ပြင်ဆင်သတ်မှတ်၊ကာရာအိုကေစနစ်လုပ်ဆောင်ပုံများ မြန်မာလို လမ်းညွှန်ပေးမည့် ဆော့ဖ်ဝဲဈေးကွက်တင်ပြီ၊ ဂျပန်နည်းပညာဖြင့် ရယ်ဒီမိတ်တို့ဟူး ထုတ်လုပ်၊ ဗန်ကောက်မြို့တွင် မီးဘေးစိတ်မချရသော အထပ်မြင့် အဆောက်အအုံသုံးထောင်ခန့်ရှိနေ၊ တရုတ်နိုင်ငံထုတ် ဟွန်ဒါအက်ကော့ဒ်နှင့် မာဇဒါဆစ်ကားများ လောင်စာကန်ပြဿနာများရှိ၊ ဘောလုံးပွဲမကြည့်ဘဲ စာအုပ်ကိုင်ချင်လာအောင် ပင်ဂွင်းစာအုပ်တိုက်က တစ်မျိုးသွေးဆောင်စသည့် ပြည်တွင်းပြည်ပစီးပွားရေးနှင့်အထွေထွေသတင်းများ၊သုံးသပ်ချက်ဆောင်းပါးများ၊ ကုန်စည်ဒိုင်နှင့်နယ်စပ်ကုန်သွယ်ရေးဈေးနှုန်းသတင်းများဖြင့်ဝေဝေဆာဆာ ထည့်သွင်းပုံနှိပ်ထားကာ e-Empire Media House ဖုန်း– ၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၈–၆–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၇။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅ ၆။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာအစားအစာ(ရခိုင်)
၁၇:၂၀ ၇။ အကပဒေသာ
၁၇:၃၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၅၅ ၁၀။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၈:၀၅ ၁၁။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၂၀ ၁၂။ Discovery
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း” (အပိုင်း–၁)**
၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
၁၉:၄၀ ၁၇။ မွန်ပြည်နယ်(အပိုင်း–၁)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ” (အပိုင်း–၅၃)**

အဓိဋ္ဌာန်ဆရာတော် ငွေရတုမွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာ အဓိဋ္ဌာန်ဆရာတော်ဦးသြဘာသ၏ (၂၆)နှစ်မြောက် ငွေရတုမင်္ဂလာသဘင်ကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်(ဇူလိုင် ၃၁)ရက်တွင် ပူဇော်ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာဒါယိကာမများအနေဖြင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၉–၈၀–၂၀၇၁၀၊ ၅၇၃၁၁၇၊ ၇၂၂၁၀၉၊ ၂၅၁၂၈၀၊ ၀၉–၉၉–၂၇၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စိန့်ဂျွန်းကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၇

စိန့်ဂျွန်းကျောင်းသားဟောင်းများ (လမ်းမတော် အထက–၁)၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၃၀ ဗဟိုလမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စိန့်ဂျွန်း ကျောင်းသားဟောင်းအသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ အချိုပွဲနှင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရေးအတွက် ဖြစ်မြောက်ရေး ကော်မတီဝင်များ ဖြစ်ကြသော ဦးမျိုးဝင်းတင် (အတွင်းရေးမှူး)၊ ဦးတင်ထွန်း (တွဲဖက်အတွင်းရေးမှူး)၊ ဦးလှမင်း (တွဲဖက်အတွင်းရေးမှူး)၊ ဦးငွေသိန်း (ဘဏ္ဍာရေးမှူး)နှင့် ဦးစိုးအောင် (အမှုဆောင်) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေ

ရန်ကုန် ဇွန် ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေကြောင်း သိရသည်။

ဇွန် ၂၈ ရက် ညနေအထိခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၆–၆–၂၀၀၄

ခရမ်းမြို့	၂ ဒသမ ၇၆ လက်မ
ပဲခူးမြို့	၂ ဒသမ ၉၁ လက်မ
ဒွေးမြို့	၃ ဒသမ ၀၇ လက်မ
အောင်းတွမြို့	၃ ဒသမ ၅၀ လက်မ

တိုင်းရင်းသားလုပ်ငန်းရှင်များနိုင်ငံ၏စီးပွားရေးအင်အားစုအသစ်များဖြစ် နိုင်ငံအကျိုး၊ပြည်သူ့အကျိုးနှင့်မိမိအကျိုးစီးပွားဖြစ်ထွန်းရေးဝီရိယစိုက်ထုတ်ဆောင်ရွက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များအား ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။(အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးလျက်ရှိကြသည့် တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် စားသုံးဆီဖူလုံမှုအပြင် ပို့လျှံရေးအတွက် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲက တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧကငါးသိန်းစိုက်ပျိုးပြီး နိုင်ငံတော်၏ စားသုံးဆီဖူလုံရန်နှင့် ပို့လျှံသည်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကိုယ်တိုင်ဦးဆောင်ပြီး တပ်မတော်မှအရာရှိကြီးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် တနင်္သာရီတိုင်းအတွင်း သွားရောက်ပြီး ဆီအုန်းတိုးချဲ့စိုက်ပျိုးနိုင်မှု အခြေအနေများလေ့လာပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူပင် မိမိဦးဆောင်ပြီး တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးလျက်ရှိသော ကုမ္ပဏီများမှ လုပ်ငန်းရှင်များလိုက်ပါကာ တနင်္သာရီတိုင်းသို့ သွားရောက်၍ ဆီအုန်းဧက ငါးသိန်းအပြည့်အဝစိုက်ပျိုးရေး၊ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ဆီအုန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီးညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆီအုန်းစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဆီအုန်းလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးအပ်ခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်းနှင့်အခြားလိုအပ်သည်များကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

ရာသီမရွေးသွားလာနိုင်

ထို့အပြင် တနင်္သာရီတိုင်းအတွင်း နေထိုင်လျက်ရှိကြသည့် ပြည်သူများအပါအဝင် ဆီအုန်းလုပ်ငန်းရှင်များ သွားလာမှု အဆင်ပြေစေရေးအတွက် ရှိပြီးလေယာဉ်ကွင်းများအပြင် ယနေ့တွင်လည်း F-28 ဆင်းသက်နိုင်မည့် ဘုတ်ပြင်း လေယာဉ်ကွင်းကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့အပြင် တနင်္သာရီတိုင်းအတွင်းရှိ လမ်းများကိုလည်း ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖြစ်အောင် ဖိဖိစီးစီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းအပြင် ဆီအုန်းလုပ်ငန်းရှင်များ ဆောင်ရွက်လျက်ရှိသော လယ်ယာလုပ်ငန်းခွင် လုံခြုံရေး၊လုပ်ငန်းသုံးပစ္စည်းများ လုံခြုံရေးနှင့် ထွက်ရှိလာသည့် သီးနှံများ လုံခြုံရေးတို့အတွက်လည်းအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ထို့ပြင် ဆီအုန်းစိုက်ပျိုးရေးနှင့်ပတ်သက်သည့် ယန္တရားတင်သွင်းရေး၊ မျိုးစေ့တင်သွင်းရေးအပါအဝင် လိုအပ်ချက်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးအတွက် တက်ရောက်လာကြသည့် ဆီအုန်းလုပ်ငန်းရှင်များ လုပ်ငန်းလိုအပ်ချက်များနှင့် သိရှိလိုသည့် အချက်များရှိက ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ဖြစ်ကြောင်း။

အလေးထားတိုးချဲ့ဆောင်ရွက်

ထို့ပြင်ကမ္ဘာတွင် လက်ရှိရော်ဘာဈေးနှုန်းမှာကောင်းမွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်ရှိပြီး အကျိုးဖြစ်ထွန်းနိုင်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကိုလည်း အလေးထားတိုးချဲ့ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ဒေသအတော်များများတွင် ရော်ဘာစိုက်ပျိုးနိုင်သည့် ရေမြေရာသီဥတု အခြေအနေပေးသည့် ဒေသများစွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးသူလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရော်ဘာတိုးချဲ့စိုက်နိုင်သလောက်စိုက်ပြီး ထွက်ရှိလာသည့် ရော်ဘာများကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည်နှင့်အညီ လက်ရှိဆီအုန်းစိုက်ပျိုးလျက်ရှိသူ လုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း၊ ဆီအုန်းနှင့်ရော်ဘာ နှစ်မျိုးစလုံး စိုက်ပျိုးလျက်ရှိသည့် လုပ်ငန်းရှင်များအနေနှင့်လည်းကောင်း၊ရော်ဘာတိုးချဲ့စိုက်ပျိုးရေးကိုလည်း ဖိဖိစီးစီး အလေးထား ဆောင်ရွက်သွားကြရေး တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ကျင်းပခဲ့သော အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်က ဆီအုန်းလုပ်ငန်းရှင်များအား မြေယာခွဲဝေချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က မြေယာလုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ချေးငွေနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်းက ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးတွင် ကူညီပံ့ပိုးဆောင်ရွက်ပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းနှင့် ရော်ဘာ စိုက်ပျိုးလျက်ရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်ကြသည့် ယုဇန၊ အေးရှားဝေါလ်၊ ဒဂုံအင်တာနယ်၊ ထူးထရေးဒင်းနှင့် မြန်မာအေဗီယာ၊ ကမ္ဘောဇ၊ မောင်ဝိတ်မိသားစု၊ အဏ္ဏဝါစိုးမိုး၊ ရွှေမြေရတနာ၊ စတီးစတုန်း၊ ပိုကောင်း၊ တောင်ဒဂုံ၊ ဇေင်၊ မြန်နိုင်မြင့်၊ ဗင်းဒွေ့ရှ်၊ တက်နေ၊ အောင်ဇင်မာ၊ အက်စ်အိုင်၊ ရွှေဆီအုန်း၊ ပြည့်ဖြိုးထွန်း၊ ရွှေပဒုမ္မာ၊ အမျိုးသားဂုဏ်ရည်နှင့်အောင်ရည်ဖြိုးကုမ္ပဏီတို့မှ လုပ်ငန်းရှင်များက ဆီအုန်းများစိုက်ပျိုးရန်လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ဆက်လက် စိုက်ပျိုးသွားမည့်အစီအစဉ်၊ ဆီအုန်းမျိုးစေ့များ ပျိုးထောင်ပြီးစီးမှု အခြေအနေ၊ မြေယာဖော်ထုတ်ပြုပြင်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက ဆီအုန်းစိုက်ပျိုးသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စက်ယန္တရားများကို ပြည်ပကတင်သွင်းရာတွင် ပိုမိုအဆင်ပြေစေရန်အတွက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့စိုက်ပျိုးနိုင်မှုအင်အားအပေါ်မူတည်ပြီးစိုက်ပျိုးနိုင်သလောက် တိုးချဲ့စိုက်ပျိုးသွားရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဆီအုန်းစိုက်ပျိုးရန် မြေဧကငါးသိန်း စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိသော်လည်း အမှန်တကယ်မြေရယူထားမှုအခြေအနေကို လေ့လာကြည့်ပါက မြေဧက ၁၃သိန်းကျော်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ယင်းရယူထားသည့် မြေ၏ ၆၀ရာခိုင်နှုန်း စိုက်ပျိုးနိုင်သည့် မြေယာများဖြစ်ပါက ဧကရှစ်သိန်းခန့် စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ဆီအုန်း စိုက်ပျိုးသည့်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသောမြေများတွင် အပြည့်အဝစိုက်ပျိုးရေးကို ခွန်အားစိုက်ထုတ်လုပ်ကိုင်သွားကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမှတစ်ဆင့် စီးပွားရေးအခြေခံကောင်းများအပေါ်မူတည်ပြီး နိုင်ငံတော်ကြီးပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနိုင်ငံထူထောင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် စီးပွားရေးဦးတည်ချက် (၄) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အဓိကနေရာက ပါဝင်လျက်ရှိကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် အများဆုံး၊ အထိရောက်ဆုံး လုပ်ကိုင်နိုင်သူများဖြစ်ကြောင်း၊ အတတ်ပညာရှိပြီး စီမံခန့်ခွဲမှုကောင်းသည့် အရင်းအနှီးပြည့်စုံစွာရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ကျွမ်းကျင်မှုစွမ်းအား၊ စီမံခန့်ခွဲမှုစွမ်းအားနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုစွမ်းအားများအပေါ် အရင်းခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်က အားထားသည့် နိုင်ငံတော်၏ စီးပွားရေးအင်အားစုအသစ်များ (National New Economic Forces)များဖြစ်သည်နှင့်အညီ မိမိတို့အကျိုး၊ ပြည်သူများ၏အကျိုးနှင့် နိုင်ငံတော်၏အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးကဏ္ဍတို့အပါအဝင် ကဏ္ဍတိုင်းတွင် စေတနာအားဖြင့်ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၅၆ ဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၅၆ ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိလိုက်သည် ။ "မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား ဖော်ပြနေသော နိုင်ငံတကာသတင်းဂျာနယ်နှင့်ယခုအပတ်ထုတ်တွင် နေတိုးထိပ်သီးအစည်းအဝေး မတိုင်မီ တူရကီတွင် ဗုံးကွဲ၊ ဝေရက်တောင်ပေါ်မှဝိညာဉ်များ၊ ကော့စတာရီကာသမ္မတနိုင်ငံ၊ အီရတ်နိုင်ငံမှ လူပေါင်းများစွာ သေဆုံးရသော ယာဉ်တိုက်မှုကြီး၊ လေယာဉ်စီး ခရီးသည်များ အင်တာနက်သုံးနိုင်မည်၊ဝေဖန်မှုများနှင့်အတူထွက်လာသည့် ကလင်တန်စာအုပ်၊ ဆင်စွယ်ရောင်းဝယ်မှုပြဿနာများ၊ သီရိလင်္ကာတွင် ဆင်စစ်တမ်းကောက်ယူ၊ နယ်ကျွံ၍ အဖမ်းခံလိုက်ရသော ဗြိတိသျှတပ်ဖွဲ့ဝင်ရှစ်ဦး၊ ကွန်ပျူတာဒစ်စ်ပြား ထုတ်လုပ်သောဓာတ်ခွဲခန်း၊ အာဖရိကနှင့်ပိုလီယိုဘေးအန္တရာယ်၊အီရတ်ရောက် ဓာတ်ရောင်ခြည်တိုင်းကိရိယာ၊ တောင်ကိုရီးယားကျည်ဆန်ရထား၊ ချေချင်းညှာ သူပုန်တို့၏ မအောင်မြင်သော တိုက်ခိုက်မှု၊ တိဘက်–ကျင်ဟိုင်း ရထားလမ်း၊ နိုင်ငံတကာ ဟာသ၊ အပ်မလိုဘဲ ဆေးထိုးနိုင်မည်၊ ယုံချင်ယုံမယုံချင်နေ၊ ဘူဆန်ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း၊လာခြင်းကောင်းသော်လည်း ကံမကောင်းသည့် ဘက်ခမ်း၊အာရှတိုက်၏ရေလိုအပ်ချက်၊ သမ္မတရာထူးနှင့် ဆက်လက်တာဝန်ယူမည့် အာရိုယို၊ တရုတ်ပြည်၏စစ်ရေးအသင့်ရှိမှုစသည့် သတင်းနှင့်ဆောင်းပါးများ ဝေဝေဆာဆာပါရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်, ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိသည့် ကျောင်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

✡ *ရွှေ့ဖုံးမှ*

ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသည့် သင်တန်းဆင်း ကျောင်းသားများနှင့် ကျောင်းသား မိဘများဖြစ်ကြသည့် တိုင်းရင်းသားများ တက်ရောက်ကြသည်။

စည်းလုံးညီညွတ်ရေးဖော်ညွှန်း

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ၏ ကျောင်းဆင်းပွဲနှင့် လုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခဲ့ရာ ယခုနှစ်မှာ တတိယအကြိမ်မြောက် ခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးနှင့် အဆင့်မြင့်ပညာ တတ်ကျွမ်းသည့် အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေး ရေးဆိုသည့် နိုင်ငံတော်၏ ဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ညွှန်းခြင်းလည်းဖြစ်ကြောင်း။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ထောင်စုကြီးကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်နှင့်လျော်ညီစွာ တိုင်းရင်းသားလူမျိုးများ အားလုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား စည်းလုံး ညီညွတ်မှု တိုးပွားခိုင်မာစေရအောင် တိုင်းရင်းသားလူမျိုးများ အားလုံးကလည်း နိုင်ငံတော် တည်ဆောက်ကာကွယ်ရေးတာဝန်များကို ပါဝင်ထမ်းဆောင် နိုင်စေမည့် အခွင့်အလမ်းများရှိလာအောင် ဖန်တီးဖော်ဆောင်ပေးလျက်လည်း ရှိနေကြောင်း။

တိုင်းရင်းသားများပူးပေါင်းပါဝင်လာ

သမိုင်းအစဉ်အဆက်မှာ ဖွံ့ဖြိုးတိုး တက်မှုနောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများအရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်မန္တလေး)တို့မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုရရှိသူများ

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသော ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်မှ ခမိတိုင်းရင်းသား မောင်အောင်အောင်အား တွေ့ရစဉ်။ (နတလ)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသော ကရင်ပြည်နယ်(မြိုင်ကြီးငူဒေသ)မှ ကရင်တိုင်းရင်းသား မောင်စောတင်မိုးဝင်းအား တွေ့ရစဉ်။ (နတလ)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား မောင်ကြည်လင်းအား တွေ့ရစဉ်။ (နတလ)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ အာခါ တိုင်းရင်းသား မောင်စိုးပိုင်အား တွေ့ရစဉ်။ (နတလ)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသော ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ရှမ်းတိုင်းရင်းသား စိုင်းအောင်သူရသိန်း(ခ)မောင်အောင်သူရသိန်းအား တွေ့ရစဉ်။ (နတလ)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသော ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ကရင်တိုင်းရင်းသား မောင်စောမောက်ခွတ်ဒါအား တွေ့ရစဉ်။ (နတလ)

* *ကျောဖုံးမှ*

အောင်လက်မှတ်ပေးအပ်

အေဂျီတီအိုင်ဒီပလိုမာ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို မွန်းလွဲ ၁ နာရီ၌ စိန်ရတုခန်းမတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ အေဂျီတီအိုင်ဒီပလိုမာရရှိသည့် ကျောင်းသား ၂၃ဦး အားလည်းကောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဦးအောင်သန်းမြင့်က ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)မှ အေဂျီတီအိုင် ဒီပလိုမာ ရရှိသည့် ကျောင်းသား ၂၀ အားလည်းကောင်း အေဂျီတီအိုင်ဒီပလိုမာ အောင်လက်မှတ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေမန်းမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုများနှင့် လိုက်လျောညီထွေစွာ တိုင်းရင်းသား ခေါင်းဆောင်များနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်က တက်ညီလက်ညီ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရေးသည် အလွန်ပင် အရေးပါလှကြောင်း။

အထူးသဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း စွမ်းဆောင်ပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသများတွင် တိုးတက်ဖြစ်ထွန်းနေစေရေးမှာ ပဓာနကျသည့် အခန်းကဏ္ဍကပါဝင် လျက်ရှိ နေကြောင်း။

ကြိုးပမ်းဆောင်ရွက်ပေး

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ တွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ စီးပွားရေးတိုးတက်ဖြစ် ထွန်းမှုဆိုင်ရာ အခြေခံကောင်းများဖြစ်ထွန်းစေရေးနှင့် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့မှာ ပဓာနဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အစိုးရအနေနှင့် ယင်းအပိုင်းကဏ္ဍများအားလုံး လွှမ်းခြုံပါ ဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း များပေါ်ထွန်းလာရေးတို့ကို ဟန်ချက်ညီညီစီမံဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်ပေးမှု၊ အဆင့်တိုးမြှင့်ပေးမှု၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များဖွင့်လှစ်ပေးမှုတို့အပြင် နယ်စပ်ဒေသ နေပြည်သူများ ပညာရည်မြင့်မားရေးအတွက် နယ်စပ်ဒေသ "အ" သုံးလုံး သင်တန်းတို့လို သီးသန့်အစီအမံများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များပျိုးထောင်

အထူးသဖြင့် နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များမွေးထုတ်ပေးနိုင်စေရအောင် နယ်စပ်ဒေသအသီးသီး တွင် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှု ပညာသင်တန်းကျောင်း ၁၇ကျောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု တို့ကို အသီးသီးဖွင့်လှစ်ပြီး နယ်စပ်ဒေသနေ လူငယ်များကို ပြုစုပျိုးထောင်ပေး လျက်ရှိကြောင်း။

စာရင်းဇယားများအရ ယခုနှစ်မှာ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၂၆ကျောင်းမှာ မူလတန်း ၄၅၁ဦး၊ အလယ်တန်း ၁၁၂၇ဦး၊ အထက်တန်း ၆၆၂ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၂၄၀ တက်ရောက်

စုပေါင်းဓာတ်ပုံရိုက်

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ဝိဇ္ဇာ ဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာ ရရှိသည့် ကျောင်းသားများနှင့်အတူစုပေါင်း ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ယခုသင်တန်းဆင်းကြသည့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ကျောင်းသားများ အနေနှင့် ရန်ကုန် ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ကျောင်းသား ၃၈ဦးနှင့် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ၂၃ ဦး၊ မန္တလေး ဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ကျောင်းသား ၃၄ဦးနှင့်အင်ဂျင်နီယာ ဒီပလိုမာရရှိသူ၂၀ စုစုပေါင်း သင်တန်းဆင်းကျောင်းသား ၁၁၅ဦးကို ထပ်မံမွေးထုတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

အဆင့်မြင့်ပညာသင်ယူ

ထို့ပြင် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာ သင်တန်း များတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် B.Tech သင်တန်း တက် ရောက်ရန် အဆင့်မီသူများနှင့် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူများမှာလည်း မန္တလေးဒီဂရီကောလိပ်နှင့် ရန်ကုန် ဒီဂရီကောလိပ်တို့တွင် အဆင့်မြင့်သင်တန်းများ ဆက်လက်သင်ယူ နေကြပြီဖြစ်ကြောင်း။

ယနေ့ဘွဲ့၊ ဒီပလိုမာများရရှိပြီး သင်တန်းဆင်းကြသည့် ကျောင်းသား များထဲမှလည်း မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းတက်ရောက်ဖို့ အဆင့်မီသူ၂၄ ဦးနှင့် B.Tech သင်တန်းတက်ရောက်ရန် အဆင့်မီသူ ၂၇ ဦးရှိတာကို တွေ့ရသည့်အတွက် မကြာမီသော ကာလမှာ နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များဟာမဟာဘွဲ့များသာမက ပါရဂူဘွဲ့များကိုပါ ရရှိ လာနိုင်တော့မည့် အခြေခံကောင်းအလားအလာကောင်းတွေ စတင်တွေ့ မြင်နေရပြီ ဖြစ်ကြောင်း။

ယင်းသို့ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ တိုးတက်ဖြစ်ထွန်း မှုများကိုကြည့်လျှင် နယ်စပ်ဒေသများမှာ နှစ်ပေါင်းရှည်ကြာစွာ ဆုံးရှုံးလာခဲ့ သည့်ပညာသင်ယူမှုအခွင့်အလမ်းများသည် မိမိတို့ခေတ်ကာလတွင် တစ်ရှိန်ထိုး ပြန်လည်ပွင့်လင်းလာခဲ့သည့်အပြင် အဆင့်မြင့်ပညာသင်ယူနိုင်သည့် အခြေခံ ကောင်းများ၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာနေပြီဖြစ်သည့် အခြေအနေကောင်းများ ပီပီပြင်ပြင် ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေပြီဆိုသည်ကို အထင်အရှားတွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကစီမံလျက်ရှိ

ယနေ့ သင်တန်းဆင်းကြသည့် လူငယ်များအပါအဝင် နယ်စပ်ဒေသ ပညာရေးဖွံ့ဖြိုးမှုအစီအမံများနှင့် လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အသိ ပညာရှင် အတတ်ပညာရှင်များ အလုပ်အကိုင် အခွင့်အလမ်းများအတွက်

သင်တန်းဆင်းကျောင်းသားများထဲမှ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံအဆင့်မီသူ ၂၄ ဦးနှင့် B.Tech အဆင့်မီသူ ၂၇ ဦးပါရှိ မကြာမီသောကာလတွင် နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များ မဟာဘွဲ့သာမက ပါရဂူဘွဲ့များပါရရှိလာနိုင်

များကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ပေး လျက်ရှိကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၅၆၀၀၀ ကျော်နှင့် နိုင်ငံခြားငွေဒေါ်လာသန်း ၅၅၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ခြင်းကြောင့် နယ်စပ်ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အကောင်အထည်ပေါ်ဖြစ်ထွန်းနေပြီး နယ်စပ်ဒေသများ အားလုံးမှာ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာနေသည်ကို အားလုံးမျက်မြင် ကိုယ်တွေ့ကြုံတွေ့နေရပြီ ဖြစ်ကြောင်း။

ပညာရှင်များပေါ်ထွန်းရေး

ယင်းသို့ နယ်စပ်ဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည် ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေးအတွက် မျှော်မှန်းပြီး နယ်စပ်ဒေသများတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ ပညာ ရည်မြင့်မားစေရန်နှင့် အသိပညာရှင်အတတ်ပညာရှင်များ မိမိတို့အထဲမှာ ပေါ်ထွန်းလာစေရန် ဆက်လက်အားပေးဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ယခုနှစ် မတ်လမှာ ကျင်းပပြုလုပ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုး တက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးမှာ လမ်းညွှန် မိန့်ကြားရာမှာ–

> **"အချို့နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အတွင်းပိုင်း ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက် သာလွန်မြန်ဆန်နေတာကို တွေ့ရတယ်၊ နယ်စပ်ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်မှုများ သွက်လက်မြန်ဆန်တဲ့အလျောက် ရရှိ ဖြစ်ထွန်းနေတဲ့အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ဆောင် ရွက်သွားရမှာ ဖြစ်တယ်"**
>
> **"ဒေသခံပြည်သူများ မိမိဘဝရပ်တည်နိုင်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်း ပပျောက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်တယ်၊ အထူးသဖြင့် နယ်စပ် ဒေသဖွံ့ဖြိုးရေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားသွားစေဖို့ လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးအတွက်ပါ စီမံဆောင်ရွက်သွား ကြဖို့လို တယ်"**

ဟု ထပ်မံလမ်းညွှန် မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ပညာရည် မြင့်မားရေးနှင့်လူ့စွမ်းအားအရင်းအမြစ်

ပညာသင်ကြားပေးလျက် ရှိသည်ဟု သိရကြောင်း၊ ယင်းသင်တန်းကျောင်း များက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များအနက် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများမှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ ဆက်လက်ပညာသင်ယူ နိုင်ကြမှာဖြစ်ကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားအမျိုးသမီးငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက် လာစေရေးအတွက်လည်း နယ်စပ်ဒေသများနှင့်ထိစပ်လျက်ရှိသည့် မြို့ကြီးများ တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၇ ကျောင်း ဖွင့်လှစ်ပေးပြီး သင်တန်းများပေးလျက်ရှိသည့်အပြင် ဘဝရပ်တည်မှုအတွက် ကုန်ထုတ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးတာဝန်ထမ်းဆောင်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် များအနေနှင့် ကြည့်မည်ဆိုလျှင်လည်း ယခင်နှစ်က ကျောင်းဆင်းခဲ့သည့် ကျောင်းသား ၁၄၁ ဦးတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့တွင် ဖြန့်ကြက် ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် မိမိတို့ နယ်စပ်ဒေသများမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

စုပေါင်းဓာတ်ပုံရိုက်

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ဝိဇ္ဇာ ဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာ ရရှိသည့် ကျောင်းသားများနှင့်အတူစုပေါင်း ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

အခက်အခဲမရှိစေရအောင် နိုင်ငံတော် အစိုးရအနေနှင့် စီမံဖန်တီးပေးလျက် ရှိသည်ကို ကာယကံရှင်များ အသိဆုံးပင် ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် များက သင်တန်းဆင်းကြသည့် တိုင်းရင်းသားလူငယ်များသည် မိမိတို့၏ နယ်စပ်ဒေသများတွင် ပညာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့်တည်ဆောက်ရေး ကဏ္ဍအမျိုးမျိုးမှာ စီမံခန့်ခွဲသူအဆင့်များနှင့် ပြန်လည်သွားရောက်ပြီးမိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် လက်တွေ့ဦးစီးဆောင်ရွက် နိုင်သည့် အခွင့်အရေးများပါ တစ်ပါတည်း ရရှိဖော်ဆောင်ပေးနိုင်ကြရမှာ ဖြစ်ကြောင်း၊ ယနေ့သင်တန်းဆင်းသည့် ကျောင်းသားများအားလုံးက ယင်း သဘောထားများနှင့် ခံယူချက်များကို သိမြင်နားလည်ခံယူထားကြဖို့လည်း လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့သင်တန်းဆင်းကြသည့် မောင်တို့အနေဖြင့် မိမိတို့ ရရှိလာသည့် အခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် တီထွင်ကြံဆ ဝီရိယအားစိုက်ပြီး ကြိုးပမ်းဆောင်ရွက် သွားကြရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ရင်းရင်းနှီးနှီးဆက်ဆံနေထိုင်ရင်း ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်တို့ကို ဖော်ထုတ်ပြီး မိမိတို့တတ်စွမ်း သည့် ကဏ္ဍက ဖြည့်ဆည်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

တရားပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၂၇

အင်းစိန်မြို့နယ်မဟာစည်သြဝါဒခံ ရွှေရင်အေးသာသနာ့ရိပ်သာဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသော သုံးထပ်ဓမ္မဗိမာန်တော်ကြီးအား ရေစက်ချအလှူ မင်္ဂလာပွဲကို ဇူလိုင် ၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများအဖြစ် ဇူလိုင် ၂ ရက်ညတွင် ဘဒ္ဒန္တပညာနန္ဒ (မဟာစည်နယ်လှည့်ဓမ္မကထိက) ရွှေရင်အေးဆရာတော်က လည်းကောင်း၊ ဇူလိုင် ၃ ရက်ညတွင် ဘဒ္ဒန္တခေမာသီရိလင်္ကာရ ပိဋကတ်တစ်ပုံခွဲအောင် သီတဂူကြယ်တစ်ပွင့် ရွှေပြည်ဟိန်းဆရာတော်က လည်းကောင်း၊ ဇူလိုင် ၄ ရက်ညတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သစအပါဠိပါရဂူ ယောဆရာတော်က လည်းကောင်း ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ထာဝရ ရန်ဘက်၊ ထာဝရ မိတ်ဖက်ဟူ၍ မရှိနိုင်

အောင်မိုးခံ

ဖြစ်စဉ်တွေဟာ မူလ-ပဋိပက္ခ-သမူဟ Thesis, Anti Thesis, Syn Thesis ဆိုတဲ့ တြိဖြစ်စဉ်အတိုင်း ပြောင်းလဲနေတယ်လို့ လူမှုသိပ္ပံပညာရှင်ကြီးများက ဆိုပါတယ်။ ဒါကြောင့် လူမှုဖြစ်စဉ်တို့တွင်လည်း ထာဝရ ရန်ဘက်၊ ထာဝရ မိတ်ဖက်ရယ်လို့ မရှိဘဲ ပြောင်းလဲနေပါတယ်။

ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက အရင်းရှင်အုပ်စုဖြစ်တဲ့ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်နဲ့ ဆိုဗီယက်ယူနီယံတို့ဟာ မဟာမိတ်ဖြစ်ခဲ့ပါတယ်။ စစ်ပြီးခေတ် စစ်အေးကာလမှာတော့ အရင်းရှင်အုပ်စုနဲ့ ဆိုရှယ်လစ်အုပ်စုရယ်လို့ ရန်ဘက် ဖြစ်သွားပြန်တယ်။

နိုင်ငံ့အကျိုး ဆောင်ရွက်ရာတွင်လည်း ထာဝရရန်ဘက်၊ ထာဝရမိတ်ဖက်ရယ်လို့မရှိဘဲ နိုင်ငံ့အကျိုးဆန့်ကျင်ရင် ရန်ဘက်၊ နိုင်ငံ့အကျိုးဆောင်ရွက်လာရင် မိတ်ဖက်အဖြစ်သာ ခွဲခြားနိုင်မယ် ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံ တည်ဆဲတပ်မတော်အစိုးရဟာ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်တယ်။ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး စတင်အကောင်အထည်ဖော်နေပါပြီလို့ အပြောနဲ့အလုပ် တစ်ထပ်တည်း ပြသနေပေမယ့် အင်အားစုအချို့က ဒီမိုကရေစီရေးအတွက် ဆက်လက်တောင်းဆိုရဦးမယ်ဆိုပြီး ပဋိပက္ခအသွင်ဆောင်နေမှုတွေဟာ မစေ့စပ်ရေးလမ်းကို လျှောက်လှမ်းနေမှုသာဖြစ်ပါတယ်။ တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ရယူခဲ့တဲ့ အချိန်ကစပြီး ဆိုရှယ်လစ်စနစ်ရဲ့ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေး၊ နိုင်ငံရေး စနစ်တွေကို ဖျက်သိမ်းခဲ့ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့ ပါတီစုံစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်လာခဲ့ပါတယ်။

စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမှသာ ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်၊ ခံယူချက်နဲ့ နိုင်ငံတော်ကို မနေမနား ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ အခုလို တပ်မတော်အစိုးရရဲ့ ဆောင်ရွက်ရေးအစဉ်ပေါ်မှာ ဒီမိုကရေစီလိုလားသူများ အင်အားစုများအနေနဲ့ သမူဟ ရယူကြဖို့ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာအစိုးရအဆက်ဆက်တွင် တည်ဆဲတပ်မတော်အစိုးရဟာ အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးကို အကြိုးပမ်းဆုံး အစိုးရဖြစ်သလို အောင်မြင်မှုအရဆုံး အစိုးရလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အခုလို အမျိုးသားညီလာခံကြီး ကျင်းပပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အလုပ်စခန်းကို တက်လှမ်းနေချိန်တွင် ပါတီအဖွဲ့အစည်းအချို့က သမူဟ မယူနိုင်ဘဲ ပဋိပက္ခအဆင့်မှာ လျော့ကျကျန်နေခဲ့ပါတယ်။ အဲဒီလို ဖြစ်ရတဲ့ အကြောင်းရင်းတွေကို အခုလို ဆန်းစစ်တွေ့ရှိရပါတယ်။

(၁) ဒီမိုကရေစီနိုင်ငံ လက်ငင်းချက်ချင်းဖြစ်ပေါ်ရေး အယူအဆ။

(၂) အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မပါဝင်ရေး အယူအဆ။

(၃) ပြည်ပနိုင်ငံကြီးအချို့ရဲ့ သွေးထိုးမြှောက်ပင့်ပေးမှု။

(၁) ဒီမိုကရေစီနိုင်ငံ လက်ငင်းချက်ချင်းဖြစ်ပေါ်ရေးအယူအဆ

ဒီအယူအဆဟာ အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူး ကျင့်သုံးရေးက ပေါ်ပေါက်လာတာဖြစ်ပါတယ်။ **"အမှန်တရားကိုရှာဖွေရင် အဘိဓမ္မာခန်းမှာ မရှာဖွေရ၊ တကယ့်ဘဝမှာသာ ရှာဖွေရမယ်"**ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ဒီကနေ့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိအခြေအနေတွေဟာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများရဲ့ အခြေအနေနဲ့ လုံးဝမတူတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှာသာရှိပါတယ်။ ဒါကြောင့် ပြည်သူလူထုကို အခြေခံတဲ့ ဒီမိုကရေစီဟာ ပြည်သူလူထုရဲ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးရေးဘဝတွေ ရင့်မာပြည့်စုံလာအောင် ကာလတစ်ရပ်ကို ဖြတ်သန်းရမြဲဖြစ်ပါတယ်။ ဘယ်နိုင်ငံမဆို ဒီမိုကရေစီဟာ မိုးပေါ်ကရုတ်တရက်ကျမလာဘဲ ကာလတစ်ရပ်အထိ ဖြတ်သန်းထူထောင်ရတာချည်း ဖြစ်ပါတယ်။ ဒီကနေ့ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများနဲ့ သမိုင်းကြောင်း ယဉ်ကျေးမှုနဲ့ လူမှုဘဝတွေမတူညီတဲ့ မြန်မာနိုင်ငံကိုလည်း အနောက်ဒီမိုကရေစီပုံစံအတိုင်း တစ်ထပ်တည်းကျတဲ့မှု မကျင့်သုံးနိုင်ပါ။ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ ထူထောင်ရေးလမ်းကို ရွေးချယ်ကျင့်သုံးရမယ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စက်မှုဖွံ့ဖြိုးပြီး အရင်းရှင် နိုင်ငံကြီးများတွင် လူမျိုးဆက်ပေါင်းများစွာနဲ့ အရင်းတည်ပြီး လေ့ကျင့်ပျိုးထောင်လာခဲ့ရတဲ့ ဒီမိုကရေစီပိုင်ခွင့်နဲ့ တာဝန်တွေကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်တွင် အမိန့်ဥပဒေတွေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းလိုက်ရုံနဲ့ ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီ လူမှုအသိုက်အမြုံတွေ ချက်ချင်းဖြစ်မလာနိုင်ပါ။ ဒါကြောင့် ဒီနေရာမှာ **"မတူသူနှင့် မတုနှင့်၊ မျှော်ချင့်အရာရာ၊ ငန်းကို ကျီးတု ဆင်းရဲမှု စံပြုနိုင်းစာနာ"**ဆိုတဲ့ မြန်မာစကားပုံကို ဆင်ခြင်နှလုံးသွင်းဖို့ လိုပါတယ်။

(၂) အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မပါဝင်ရေး အယူအဆ

ဒီအယူအဆဟာလည်း ဒီမိုကရေစီနိုင်ငံ လက်ငင်းချက်ချင်းဖြစ်ပေါ်ရေး အယူအဆက ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီလိုလက်ယာစွန်းအယူအဆမျိုးကို တစ်ချိန်က မြန်မာနိုင်ငံတွင် လက်ဝဲစွန်းကွန်မြူနစ်များ အကောင်အထည်ဖော်ခဲ့ဖူးပါတယ်။ **ခေတ်နောက်ကျ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်တွင် အရင်းရှင်စနစ်ကို မဖြတ်သန်းဘဲ ချက်ချင်းလက်ငင်း ဆိုရှယ်လစ်လောက ထူထောင်ရေးဖြစ်ပါတယ်။** မြန်မာလူ့အဖွဲ့အစည်းရဲ့ လူမှုဘဝနဲ့မကိုက်ညီတဲ့အတွက် ဒီအယူအဆဟာလည်း ကျဆုံးသွားခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဟာလည်း အလားတူပင် ကျဆုံးသွားခဲ့ရတယ်။

အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်မပါဝင်ရေး အယူအဆ။ အနောက်မျှော် နိုင်ငံရေးအင်အားစုအချို့က ဒီအယူအဆကို စွဲကိုင်လာပါတယ်။

အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးဟာ အခုမှစတင်တာမဟုတ်ပါဘူး။ အစဉ်အလာကို ပြောရမယ်ဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းက လွတ်လပ်ရေး တိုက်ပွဲဝင်ဖို့ မြန်မာမျိုးချစ်လူငယ်များ ဂျပန်နိုင်ငံမှာ စစ်ပညာသွားရောက်သင်ကြားပြီး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားနိုင်ငံရေးမှာ တပ်မတော်ပါဝင်ရေးကို ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ဘော်သုံးကျိပ်ကစခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ ဖက်ဆစ်တော်လှန်ရေးကြီးတွင်လည်း ပြည်သူ့အရေးတော်ပုံပါတီရယ်၊ တပ်မတော်ရယ်၊ ကွန်မြူနစ်ပါတီရယ် တစ်စိတ်တစ်ဝမ်းတည်း ရှေ့ဆောင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။

ဒီကနေ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်တွင် တပ်မတော်ရဲ့ အရေးပါမှုကို ဘယ်လိုမှ ငြင်းပယ်လို့မရနိုင်ပါ။ လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဒီမိုကရေစီနိုင်ငံထူးထောင်ဖို့အတွက် လူမှုဘဝတွေ ရင့်မာပြည့်စုံမှုမရှိသရွေ့ နိုင်ငံဖရိုဖရဲ ပြိုကွဲလာတိုင်း တပ်မတော်က ဝင်ရောက်ထိန်းသိမ်းရလေ့ရှိပါတယ်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံရေးမှာ တပ်မတော် ပါဝင်စရာမလိုဆိုတဲ့ နိုင်ငံအချို့မှာပင် နိုင်ငံရေးပြဿနာပေါ်တိုင်း တပ်မတော် ဝင်ရောက်ရပ်တည်ရမှု၊ ဝင်ရောက်တာဝန်ယူမှုတွေ ကြုံခဲ့ရပါတယ်။ ဒီအပေါ် သင်ခန်းစာယူပြီး ဒီကနေ့လို ဒီမိုကရေစီ ထူထောင်ကူးပြောင်းစ မြန်မာနိုင်ငံအဖို့လည်း မကြာခဏလို တပ်မတော်က(မလွှဲမရှောင်သာ) အာဏာသိမ်းရမှုတွေ မဖြစ်ပေါ်ရေး၊ တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းရေးတို့အတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ဖို့ လိုပါတယ်။ အခုလို မြန်မာ့အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးတွင် အရင်းရှင်လူတန်းစားတွေကိုယ်တိုင် ရှေ့ဆောင်နိုင်လောက်အောင် ရင့်မာမှုမရှိသေးတဲ့အတွက် တပ်မတော်ဟာ အရေးပါတဲ့အခန်းမှာ ကျရောက်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီ လူမှုဘဝရင့်မာလာတဲ့အထိ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပြည်သူ့ကိုယ်စားလှယ်များရယ်၊ တပ်မတော်ရယ်၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများရယ်တို့ ခိုင်မာစည်းလုံးစွာ လက်တွဲထမ်းဆောင်သွားဖို့ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ဖြစ်တည်ထွန်းကားလာအောင် လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းသွားဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ယခုကျင်းပဆဲ အမျိုးသားညီလာခံကြီးက အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးမူကို ချမှတ်သွားဖို့ ဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးကို ဆန့်ကျင်နေမှုတွေဟာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ပျက်ပြားစေပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ဝေဒနာပွန်းတီးမှု အနည်းဆုံးလမ်းကို ဆန့်ကျင်နေမှုသာ ဖြစ်ပါတယ်။

(၃) ပြည်ပနိုင်ငံကြီးအချို့ရဲ့ သွေးထိုးမြှောက်ပင့်ပေးမှု

၁၈၈၅ ခုနှစ်တွင် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ခဲ့လို့ အင်္ဂလိပ်ကိုလိုနီဘဝအောက် ကျရောက်ခဲ့ပါတယ်။ အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။ ဒါဟာ တစ်မျိုးသားလုံးရဲ့သမိုင်းသင်ခန်းစာလည်း ဖြစ်တယ်။ လွတ်လပ်ရေးရခါနီးမှာ ပြည်ပသွေးထိုးမှုကြောင့် အမျိုးသားသစ္စာဖောက်တို့ လုပ်ကြံသတ်ဖြတ်ခဲ့လို့ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရတဲ့ သင်ခန်းစာလည်း ရှိပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတဲ့အခါတိုင်း တိုင်းတစ်ပါးစွက်ဖက်မှုတွေ ဝင်ရောက်လေ့ရှိပါတယ်။ အဲဒီလို စွက်ဖက်မှုတွေဟာ မိမိတို့နိုင်ငံအကျိုးထက် သူတို့အကျိုး သူတို့ဩဇာခံ ဖြစ်ရေးကိုသာ ဦးတည်ကြိုးပမ်းကြပါတယ်။ အဲဒီလို ပြည်ပစွက်ဖက်မှုကို ခံနိုင်ရည်ရှိဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ မျိုးချစ်စိတ်ဓာတ်ပြည့်ဝဖို့ပင် ဖြစ်ပါတယ်။ အဲဒီလို ပြည်ပစွက်ဖက်မှုတွေကို အမျိုးသား စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ မဖယ်ရှားနိုင်ရင် အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ရှည်ကြာခက်ခဲနေဦးမယ် ဖြစ်ပါတယ်။ ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် အမျိုးသားညီလာခံကို ကျင်းပနေတာ ဖြစ်ပါတယ်။

အဲဒီလို တိုင်းရင်းသားကိုယ်စားလှယ် တစ်ထောင်ကျော် တက်ရောက်ဆွေးနွေးနေကြတဲ့ အမျိုးသားညီလာခံကြီးအပေါ် လုံးဝတရားမဝင်ဘူး၊ အတုအရောင်ညီလာခံသာဖြစ်တယ်၊ စစ်အစိုးရက ကိုယ်စားလှယ်တွေကို ပိတ်လှောင်ချုပ်ချယ်ကျင်းပတဲ့ ညီလာခံသာဖြစ်တယ်၊ ကိုယ်စားလှယ်တွေ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာ ပြင်ပနှင့်ဆက်သွယ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုဆွေးနွေးတင်ပြခွင့် မရှိတဲ့ ညီလာခံ၊ သတင်းအမှောင်ချထားတဲ့ ညီလာခံဆိုပြီး ပြည်ပသတင်းဌာနအချို့နဲ့ နိုင်ငံကြီးအချို့က နားကွဲမတတ် ထိုးနှက်ဖြိုခွဲနေပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အချို့ ညီလာခံကို မကျေနပ်လို့ သပိတ်မှောက်ထွက်ခွာမယ်လို့လဲ ပျက်စီးရာပျက်စီးကြောင်းများကို ဖန်တီးမြှောက်ပေးနေပါတယ်။ တိုင်းရင်းသားချင်းညီညွတ်မှု ပျက်ပြားအောင် သွေးထိုးမှုတွေဖြစ်ပါတယ်။ ဒါတွေဟာ ဟုတ်သလားဆိုတော့ လုံးဝမဟုတ်ပါဘူး။

ဇွန် (၅/၆) ရက် ညီလာခံနားရက်တွင် ကိုယ်စားလှယ်တော်ကြီးများ ရန်ကုန်မြို့တွင်းသို့ ထွက်လည်ကြတဲ့အခါ သတင်းဆိုးတွေကို မျှော်ကိုးပြီး ပြည်ပသတင်းဌာနအချို့က အလုအယက် မေးမြန်းကြပါတယ်။ အမျိုးသားညီလာခံကိုယ်စားလှယ် အသီးသီးတို့က ဤသတင်းတွေဟာ လုံးဝမဟုတ်မှန်ကြောင်း ဖြေကြားသံတွေကိုလည်း တစ်လုံးမကျန် ကြားခဲ့ရပါတယ်။ ဒါ့အပြင် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများရဲ့ အမျိုးသားညီလာခံကြီးတွင် မည်သူနဲ့မဆို လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ရှိကြောင်း၊ လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့် ရှိကြောင်း၊ ပြည်ပသတင်းတွေကိုလည်း လွတ်လပ်စွာ နားထောင်ခွင့်ရှိကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုတွေကိုလည်း သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုသတင်းများတွင် ဖော်ပြပေးကြောင်း၊ ကျွေးမွေးဧည့်ခံမှု၊ ဆေးဝါးကုသမှု၊ ကျန်းမာရေးလေ့ကျင့်မှု၊ အနားယူအပန်းဖြေမှုအတွက်ပါ ပြည့်ဝစွာ ပေးထားကြောင်း ပြန်လည်ဖြေကြားမှုများကိုလည်း ကြားခဲ့ရပါတယ်။

အဲဒီလို အမျိုးသားညီလာခံကြီးကို ထိုးနှက်ဖြိုခွဲမရတဲ့အခါ ဒီပဲယင်းကိစ္စ၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကိစ္စ၊ ကလေးစစ်သားကိစ္စ၊ အခြားဘာကိစ္စ၊ ညာကိစ္စတွေ အကြောင်းပြပြီး ပြည်ပနိုင်ငံကြီးအချို့ အလိုကျ ထိုးနှက်တိုက်ခိုက်လာပြန်တယ်။ အနောက်နိုင်ငံကြီးအချို့ကဆိုရင် အမျိုးသားညီလာခံကို ဆန့်ကျင်တယ်ဆိုပြီး စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေကို ဆက်လုပ်ပါတယ်။

မြန်မာနိုင်ငံအဖို့ ဒီကနေ့လို အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးလှတဲ့ ကာလမျိုးတွင် **ထာဝရ ရန်ဘက်၊ ထာဝရ မိတ်ဖက်ဟူ၍ မရှိနိုင်**သော်လည်း မိတ်ဖက်၊ ရန်ဘက်ခွဲခြားနိုင်ဖို့ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေကျမ်းဂန်တွေမှာ ပါရှိတဲ့ ခင်ပွန်းစစ်လေးပါးနဲ့ ခင်ပွန်းတုလေးပါးကို အခုလို ခွဲခြားတွေ့ရှိရပါတယ်။

ခင်ပွန်းတု(လေး)ပါး

(၁) သူ့ကိုယ်ကျိုးစီးပွား အမြတ်ထွက်ဖို့သာ ရှေးရှုပြီး မိမိကို ပေါင်းသင်းဆက်ဆံတဲ့ မိတ်ဆွေ။

(၂) မိမိရှေ့မှာတစ်မျိုး၊ ကွယ်ရာမှာတစ်မျိုး ဆက်ဆံဆောင်ရွက်သူ။

(၃) မိမိအတွက် အကျိုးရှိမယ့်ကိစ္စဖြစ်စေ၊ အကျိုးမဲ့တဲ့ကိစ္စဖြစ်စေ ဆင်ခြင်သုံးသပ်မှုမရှိဘဲ ခွင့်ပြုတဲ့ မိတ်ဆွေမျိုး။

(၄) မိမိကို ရှေ့မှာချီးမွမ်းပြီး ကွယ်ရာမှာ ပြစ်တင်ရှုတ်ချတဲ့ မိတ်ဆွေမျိုး။

ခင်ပွန်းစစ်(လေး)ပါး

(၁) မိမိရဲ့ဥစ္စာစီးပွားကို သူပိုင်ဥစ္စာစီးပွားလို စောင့်ရှောက်ပေးပြီး မိမိမှာ အခက်အခဲရှိရင် ကူညီတတ်တဲ့ မိတ်ဆွေမျိုး။

(၂) မိမိရဲ့ လျှို့ဝှက်အပ်တဲ့ကိစ္စကို မိမိနဲ့အတူ နှုတ်လုံ လျှို့ဝှက်တတ်ပြီး ဘေးရန်တွေ့ကြုံရတဲ့အခါမှာလည်း သူ့အသက်ကိုမငဲ့ဘဲ မိမိကို ကာကွယ်ပေးတတ်တဲ့ မိတ်ဆွေမျိုး။

(၃) မိမိက မကောင်းမှုပြုရင် တားမြစ်ပြီး ကောင်းမွန်တဲ့လမ်းကို ညွှန်ပြတတ်တဲ့ မိတ်ဆွေမျိုး။

(၄) မိမိမှာ ဥစ္စာရပစ္စည်းဆုတ်ယုတ်ပျက်ပြားရင် စိတ်ထိခိုက်ပြီး မိမိမှာ ဥစ္စာစီးပွားတိုးတက်ရင် မိမိနဲ့အတူ ဝမ်းသာရွှင်မြူးတတ်တဲ့ မိတ်ဆွေမျိုး။

ဒါကြောင့် မြန်မာပြည်သူတစ်ရပ်လုံးအဖို့ ဘယ်နိုင်ငံတွေ ဘယ်အင်အားစုတွေဟာ မိတ်ဖက်ဖြစ်ပြီး၊ ဘယ်နိုင်ငံတွေ ဘယ်အင်အားစုတွေဟာ ရန်ဘက်ဖြစ်တယ်ဆိုတာကို ခွဲခြားဆင်ခြင်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အပေါ် တစ်မျိုးသားလုံး သမူဟ ရယူသွားကြဖို့ အထူးတလည် တိုက်တွန်း တင်ပြအပ်ပါတယ်။ ။



မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စမ်းချောင်းမြို့နယ် အမက(၁၂)တွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ချိုသန်း စီစဉ်မှုဖြင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၁၈ ရက်က ကျောင်းတွင်း ကျောင်းပြင် ကာကွယ်ဆေးများ ပက်ဖျန်းပေးစဉ်။ (၁၂၉)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့တွင် တပ်မတော်အင်ဂျင်နီယာများ လေယာဉ်ကွင်းသစ်တည်ဆောက်ဖွင့်လှစ် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့ပြီး တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံရင်းနှီးမှုပိုမိုပြီး တိုင်းရင်းသားပြည်သူများ နိုင်ငံတော်အစိုးရ၏စေတနာကိုသိမြင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်း လေဆိပ်ဖွင့်ပွဲတွင် ဘုတ်ပြင်း လေဆိပ်ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၇

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့ ဘုတ်ပြင်းလေဆိပ်ဖွင့်ပွဲ အခမ်းအနား ကို ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် အဆိုပါလေယာဉ်ကွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက် မိန့်ခွန်း ပြောကြားပြီး ဘုတ်ပြင်းလေယာဉ်ကွင်း ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဒေသနေ တိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၃၃၀၀၀ကျော် တက်ရောက်ကြသည်။

ထို့နောက် ဘုတ်ပြင်းလေယာဉ်ကွင်းဖွင့်ပွဲအခမ်းအနားကို လေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုဖွင့်လှစ်သော ဘုတ်ပြင်းလေယာဉ်ကွင်းကြီးသည် တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၏ တောင်ဘက်ကိုးမိုင်ခန့်အကွာ ချောင်းကယုက်ကျေးရွာ အနီးတွင် တည်ရှိကြောင်း။

အလွယ်တကူဆင်းသက်နိုင်

ဤလေယာဉ်ကွင်းကြီးသည် အရှည်ပေ ၁၀၀၀၀၊ အကျယ် ပေ၁၀၀ ရှိသော ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းအမျိုးအစားနှင့် တည်ဆောက်ထားပြီး ပြည်တွင်း/ပြည်ပလေယာဉ်ကြီးများအလွယ်တကူဆင်းသက်နိုင်မည့် လေယာဉ်ကွင်းကြီးဖြစ်ကြောင်း။

တနင်္သာရီတိုင်းတွင် ယခင်က မြိတ် လေယာဉ်ကွင်း၊ ထားဝယ် လေယာဉ်ကွင်းနှင့် ကော့သောင်း လေယာဉ်ကွင်းများသာ ရှိခဲ့ရာက အခု ဘုတ်ပြင်း လေယာဉ်ကွင်းပါ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် နိုင်ငံတော်က တနင်္သာရီတိုင်း၏ လမ်းပန်းဆက်သွယ်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးလိုက်ခြင်းပင် ဖြစ်ကြောင်း။

တနင်္သာရီတိုင်းအတွက် အဓိက အရေးပါသည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးသည် ၁၉၉၈ ခုနှစ်မှစ၍ ဝင်းဝတံတား၊ ပုလောက်တံတား၊ ပုလောတံတား၊ ပသောင်းတံတား၊ တနင်္သာရီတံတား၊ ကျွဲကူး-ကျောက်ဖျာ တံတားနှင့် လေညှာ-မဏ္ဍိုင်တံတားစသည့် တံတားကြီးခုနစ်စင်းကို ခြောက်နှစ် ကာလအတွင်းတွင် တစ်စင်းပြီးတစ်စင်းအောင်မြင်စွာ တည်ဆောက် ပြီးစီးခဲ့သည့်အတွက် ဒေသတစ်ခုနှင့် တစ်ခုအကြား မော်တော်ကားလမ်းဖြင့်လည်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယခုထက် မြန်မြန်ဆန်ဆန်လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ပြည်ထောင်စုလမ်းမကြီးကိုလည်း ကောင်းမွန်အောင် ပြုပြင်သွားကြရဦးမှာဖြစ်သဖြင့် ဆောင်ရွက်မှုများကို မိုးရာသီမှာပါ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဆက်သွယ်ရေးအရေးကြီး

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်းပြီး "စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်သွယ်ရေးသည် အရေးကြီးကြောင်း၊ ဆက်သွယ်ရေးဆိုရာတွင် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းနှင့် ကြေးနန်းဆက်သွယ်ရေးကိုပါ ဆိုလိုကြောင်း၊ စီးပွားရေးတိုးတက်ရန် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း" လမ်းညွှန်မှာကြားထားကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာများကို အခြေခံပြီး တစ်ခုပြီးတစ်ခုတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်း အဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်းများနှင့် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံ တံတားများ တည်ဆောက်ခြင်း စသည့်လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် အားကြိုးမာန်တက် တီထွင်ကြံဆ တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ဂျက်လေယာဉ်ဆင်းတက်နိုင်

ဤဘုတ်ပြင်း လေယာဉ်ကွင်းကိုလည်း မြန်မာတပ်မတော် အင်ဂျင်နီယာများကိုယ်တိုင်ဦးစီးတည်ဆောက်ခဲ့သည့် မြန်မာ့လက်ရာ လေယာဉ်ကွင်းကြီးဖြစ်ကြောင်း၊ ယခင်က နိုင်ငံတော်အတွင်း၌ ဂျက်လေယာဉ်ဆင်းတက်နိုင်သည့် လေယာဉ်ကွင်းခြောက်ကွင်းသာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ဘုတ်ပြင်း လေယာဉ်ကွင်း အပါအဝင် ဂျက်လေယာဉ်ဆင်းတက်နိုင်သည့် လေယာဉ်ကွင်း ၂၁ ကွင်းအထိ ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်းလမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်းပမာဏ ကြီးမားစွာဖြင့် ကွန်ရက်သဖွယ်ယှက်သွယ်တည်ဆောက်ခဲ့သည့် လမ်းများ၊ တံတားများသည် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံထိတွေ့ပြီး ရင်းနှီးမှု၊ နားလည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေသည့် လူမှုစီးပွားရေးအဆောက် အအုံများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုနှင့်တကွ တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သောစွမ်းပကားဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိခံစားနေပြီဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်ရေးတို့အတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်သို့ ရောက်ရှိစေရန် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး စနစ်တကျဖော်ဆောင်လျက်ရှိကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်သဘောပေါက်ပြီး မိမိတို့ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့ဖွင့်လှစ်လိုက်သည့် ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကြီး ရေရှည်တည်တံ့စေရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ် ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အစိုးရအား ဘုတ်ပြင်းလေဆိပ်ကို ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဒေသနေ တိုင်းရင်းသားပြည်သူများကိုယ်စား ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်မှ ဦးမြင့်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘုတ်ပြင်းလေဆိပ်ကို တာဝန်ယူ တည်ဆောက်ခဲ့သော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားဒုတိယဗိုလ်မှူးကြီး စိုးဝင်းအား လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်တော်များသည် ဘုတ်ပြင်းလေဆိပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည့် ဘုတ်ပြင်းလေဆိပ်ဖွင့်ပွဲ မုခ်ဦးရှေ့၌နေရာယူကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် တင်ထွန်းတို့က ဘုတ်ပြင်းလေဆိပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသနေ တိုင်းရင်းသား ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ဘုတ်ပြင်းလေဆိပ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဘုတ်ပြင်းလေဆိပ် ကွန်ကရစ်ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးတို့က အမွှေးနံ့သာပက်ဖျန်းပေးကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုတ်ပြင်းလေဆိပ်ဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘုတ်ပြင်း လေဆိပ်ဖွင့်ပွဲသို့ တက်ရောက်လာ ကြသော ဒေသနေ တိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တပ်မတော်အရာရှိများနှင့်အတူ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

လေးခုမြောက် လေဆိပ်

ယခုဖွင့်လှစ်လိုက်သော ဘုတ်ပြင်းလေဆိပ်သည် တနင်္သာရီတိုင်း၏ လေးခုမြောက် လေဆိပ်ဖြစ်ပြီး ဘုတ်ပြင်းမြို့ တောင်ဘက် ကိုးမိုင်ခန့်အကွာ ချောင်းကယုက်ကျေးရွာအနီး၌ရှိသည်။ လေယာဉ် ပြေးလမ်းမှာ အရှည်ပေ ၁၀၀၀၀၊ အကျယ်ပေ ၁၀၀နှင့် ထု ၂၆ လက်မ ကွန်ကရစ်ပြေးလမ်းဖြစ်၍ ယခုအခါ အရှည်ပေ ၆၅၀၀ တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မကြာမီတွင် သတ်မှတ်ထားသော လေယာဉ်ပြေးလမ်းအရှည်ပေ ၁၀၀၀၀ ပြီးစီးတော့မည်ဖြစ်ရာ ပြည်တွင်း လေယာဉ်များသာမက အပြည်ပြည်ဆိုင်ရာ လေယာဉ်ကြီးများဖြစ်သည့် ဘိုးရင်း (၇၄၇-၄၀၀)လေယာဉ်ကြီးများပါ ဆင်းသက်နိုင်တော့မည် ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဝံသာနုသတင်းလွှာ အတွဲ (၁၃)၊ အမှတ် (၁၃) ထုတ်ဝေ

ရန်ကုန် ဇွန် ၂၇

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသော မြစ်သာတံတား (ကလေးဝ) ဖွင့်ပွဲ အခမ်း အနားပုံရိပ်ဖြင့် ဝံသာနု သတင်းလွှာ အတွဲ (၁၃)၊ အမှတ် (၁၃)ကို ထုတ်ဝေလိုက်ကြောင်း သိရသည်။**(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် ခြစ်စည်းရိုးကာရန် မြေကြီးတူးဖော်စဉ် ရှေးဟောင်းရွှေထည်၊ ငွေထည်များတွေ့ရှိ၊ မိတ္ထီလာတောင်ကန်နှင့်မြောက်ကန်အကြားမြေသားကျောက်ခင်းလမ်း ရေတိုက်စား၊ လူပေါင်း ၆၂ဦးအား တစ်ဖက်နိုင်ငံသို့ ပို့မည့် လူမှောင်ခိုလူပွဲစားများ မော်လမြိုင်မြို့နယ်တွင် တားဆီးထိန်းသိမ်း၊ ဘုရင့်နောင်ပွဲရုံတန်းမှ တရားမဝင်ကာရာအိုကေဆိုင်အရေးယူ၊ နိုင်ငံခြားဘောလုံးပွဲ လောင်းကစားသူများအားအရေးယူ၊ ဒေးဒရဲမြို့နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်၊ ကုန်သေတ္တာအတွင်း သိုဝှက်ပို့မည့်ပရိဘောဂဆက်စပ်ပစ္စည်းများ၊ ပွိုင့်အပန်းဖြေစခန်းအနီး ပင်လယ်ထဲမျောပါလာသော ကလေးငယ်၊ ကုန်သေတ္တာထဲ သိုဝှက်သယ်ဆောင်လာသော အပ်ချုပ်စက်များစသော ပြည်တွင်းသတင်းများနှင့် ပါကစ္စတန်၌ ဒုံးပျံစမ်းသပ်ပစ်ခတ်၊ ကျီးလန့်စာစားဖြစ်နေကြသော ဆော်ဒီရောက်အာရှနိုင်ငံသားများ၊ နော်မန်ဒီကမ်းတက်တိုက်ပွဲအမှတ်တရအခမ်းအနား၊ လေရှူးနဲ့အတူသွားပေတော့၊ ကိုယ့်ကိုယ်ကိုဖော် မသူတော်လုပ်မည့်သူ၊ ထိုင်းအစိုးရအဖွဲ့၏ ချစ်ကြည်ရေးဘောလုံးပွဲ၊ ဂါဇာကမ်းမြောင်ဒေသ(တောင်ပိုင်း)မှ အစ္စရေးတို့၏ သက်တံရောင်စစ်ဆင်ရေးတို့အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းတို့ကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၂၇-၆-၂၀၀၄

ရန်ကုန်မြို့လယ်	**၁ ဒသမ ၃၀ လက်မ**
ကမ္ဘာအေး	**၂ ဒသမ ၄၀ လက်မ**
မင်္ဂလာဒုံ	**၂ ဒသမ ၅၂ လက်မ**

စာမျက်နှာ ၉ မှ

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်းလည်း တိုးတက်မြင့်မားပြီး ပညာရည်မြင့်မားမှု အသိအမြင်ကြွယ်ဝမှုတို့နှင့်အတူ ပြည်ထောင်စုကြီး၏ ရေရှည်အကျိုးစီးပွားကိုရှေးရှုသည့် မှန်ကန်သောသဘောထားများဖြစ်ထွန်းလာခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့လည်း ပိုမိုထွန်းကားပြန့်ပွားခိုင်မာလာမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံကောင်းများမှတစ်ဆင့် စိတ်ပိုင်းဆိုင်ရာအခြေခံကောင်းများ တစ်ပါတည်းဖြစ်ထွန်းလာစေရအောင်မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တတ်သိကျွမ်းကျင်ရာ အသိပညာအတတ်ပညာစွမ်းပကားဖြင့် အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယင်းသို့ တာဝန်များထမ်းဆောင်နိုင်စေရန်အတွက်လည်း နိုင်ငံတော်က ပညာသင်ကြားပေးခဲ့သည့်အပြင် မောင်တို့၏ဘဝတိုးတက်မြင့်မားအောင်၊ အတွေးအခေါ်တည့်မတ်မှန်ကန်အောင်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသည့် စည်းရုံးရေးမှူးကောင်းများဖြစ်အောင် လေ့ကျင့်ပေးပြီးမှ မိမိနှင့်သက်ဆိုင်သည့် နယ်စပ်ဒေသများကို အလုပ်တာဝန်များပေးအပ်စေလွှတ်ခြင်းဖြစ်သည်ကိုလည်း နားလည်သဘောပေါက်ခံယူထားကြရမှာဖြစ်ကြောင်း၊ ယင်းသဘောထားခံယူချက်များနှင့်အညီ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် တာဝန်သိသိ သစ္စာရှိရှိ တာဝန်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

စည်းရုံးဦးဆောင်

ထို့ကြောင့် မောင်တို့အနေနှင့် တာဝန်ကျရာဒေသမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အကောင်အထည်ပေါ်လာစေရေးအပြင် မိမိတို့တာဝန်ထမ်းဆောင်ရာဒေသရှိ တိုင်းရင်းသားများအတွင်း အသိအမြင်၊ အတွေးအခေါ်များ ခိုင်မာမှန်ကန်စေရေး၊ တိုင်းရင်းသားလူမျိုးများ၏ အတွေးအခေါ်ခံယူချက်ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းတိုးတက်စေရေးတို့အတွက် စည်းရုံးဦးဆောင်သွားကြရန်လည်း တစ်ဆက်တည်း တာဝန်ပေးအပ်လိုက်သည်ဟု မှာကြားလိုကြောင်း။

ယနေ့အချိန်အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများနှင့် လူထုလူတန်းစား အလွှာအသီးသီး၏ ကိုယ်စားလှယ်များ စုံစုံညီညီပါဝင်ပြီး အောင်အောင်မြင်မြင် ကျင်းပနေသည့် အချိန်ကာလလည်းဖြစ်ကြောင်း။

ကျရာကဏ္ဍမှပါဝင်

ထို့ကြောင့် မောင်တို့အနေနှင့် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးမှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည် ဆိုခြင်းကို စွဲစွဲမြဲမြဲခံယူပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးနှင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့အတွက် ကျရာကဏ္ဍမှ ပါဝင်ပံ့ပိုးဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်မှာကြားလိုသည်မှာ–

- **ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်က လေ့ကျင့်သင်ကြားပေးလိုက်တဲ့ အသိပညာ၊ အတတ်ပညာရပ်များကို အကျိုးရှိထိုက်တန်စွာ အသုံးပြုပြီး မိမိတို့တာဝန်ကျရာ နယ်စပ်ဒေသအသီးသီးမှာ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်အကောင်ထည်ပေါ်ဖြစ်ထွန်းစေရအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားအားထုတ်ဆောင်ရွက်သွားကြပါ၊**
- **အမိဒီဂရီကောလိပ်များက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ အစဉ်အလာကောင်းများကို မြဲမြံစွာထိန်းသိမ်းပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်သူများအကြား တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ထွန်းကားရှင်သန်နေစေရအောင် ဦးဆောင်ဦးရွက်ပြုနိုင်သည့် စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ကျင့်ကြံအားထုတ်သွားကြပါ၊**
- **နယ်စပ်ဒေသအသီးသီးမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူများနဲ့ တစ်သွေးတည်းတစ်သားတည်းနေထိုင်ရင်း ပြည်သူများရဲ့လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိုင်ငံတော်ကပေးအပ်လိုက်တဲ့ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား မောင်စိုးပိုင်၊ သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား မောင်ကြည်လင်းနှင့် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ရှမ်းတိုင်းရင်းသား စိုင်းအောင်သူရသိန်း (ခ) မောင်အောင်သူရသိန်းတို့အားလည်းကောင်း၊ မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ကရင်ပြည်နယ် (မြိုင်ကြီးငူဒေသ)မှ ကရင်တိုင်းရင်းသား မောင်စောတင်မိုးဝင်း၊ သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်မှ ခမိတိုင်းရင်းသား မောင်အောင်အောင်နှင့် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ကရင်တိုင်းရင်းသားမောင်စောမောက်ခွတ်ဒါတို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကိုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်နှင့် မန္တလေးပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ (AGTI) ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆရာဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ(AGTI)ဒီပလိုမာရရှိကြသည့် သင်တန်းဆင်းကျောင်းသားများ၊ ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်အင်ဂျင်နီယာ(AGTI)ဒီပလိုမာ ရရှိကြသူများမှာ ရန်ကုန်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ ၁၈ဦး၊ သိပ္ပံဘွဲ့ ၂၀နှင့်အင်ဂျင်နီယာ ဒီပလိုမာ၂၃ဦးစုစုပေါင်း ၆၁ ဦးဖြစ်ပြီး၊ မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ ၁၇ဦး၊ သိပ္ပံဘွဲ့ ၁၇ဦးနှင့် အင်ဂျင်နီယာဒီပလိုမာ ၂၀ စုစုပေါင်း ၅၄ဦးဖြစ်ပြီး ယနေ့ဒီဂရီကောလိပ်နှစ်ခုမှ သင်တန်းဆင်းကြသူစုစုပေါင်း ၁၁၅ ဦးဖြစ်သည်။

ယင်းတို့အနက် ဝိဇ္ဇာဘွဲ့ရရှိသူများမှာ ကယားတိုင်းရင်းသားလေးဦး၊ ကယန်းတိုင်းရင်းသားတစ်ဦး၊ ကရင်တိုင်းရင်းသားသုံးဦး၊ ခမိတိုင်းရင်းသားနှစ်ဦး၊ ချင်းတိုင်းရင်းသားသုံးဦး၊ ပလောင်တိုင်းရင်းသားသုံးဦး၊ နာဂတိုင်းရင်းသားလေးဦး၊ ပအိုဝ်းတိုင်းရင်းသားတစ်ဦး၊ မွန်တိုင်းရင်းသားတစ်ဦး၊ ရခိုင်တိုင်းရင်းသားလေးဦး၊ ရှမ်းတိုင်းရင်းသားငါးဦး၊ အာခါတိုင်းရင်းသားလေးဦး စုစုပေါင်း ဝိဇ္ဇာဘွဲ့ရ ၃၅ ဦးတို့ဖြစ်ကြသည်။

သိပ္ပံဘွဲ့ရရှိသူများမှာ ကယားတိုင်းရင်းသား နှစ်ဦး၊ ကရင်တိုင်းရင်းသားလေးဦး၊ ကယန်းတိုင်းရင်းသားတစ်ဦး၊ ခမိတိုင်းရင်းသား ခုနစ်ဦး၊ ချင်းတိုင်းရင်းသားသုံးဦး၊ ဓနုတိုင်းရင်းသားတစ်ဦး၊ နာဂတိုင်းရင်းသားတစ်ဦး၊ ပလောင်တိုင်းရင်းသားနှစ်ဦး၊ ပအိုဝ်းတိုင်းရင်းသားနှစ်ဦး၊ မွန်တိုင်းရင်းသားတစ်ဦး၊ မြောင်ဇီးတိုင်းရင်းသားတစ်ဦး၊ ရခိုင်တိုင်းရင်းသားငါးဦး၊ ရှမ်းတိုင်းရင်းသားသုံးဦး၊ အာခါတိုင်းရင်းသားနှစ်ဦး၊ သက်တိုင်းရင်းသားတစ်ဦး၊ အင်းသားတိုင်းရင်းသားတစ်ဦး စုစုပေါင်း သိပ္ပံဘွဲ့ရ ၃၇ ဦးတို့ဖြစ်သည်။

အင်ဂျင်နီယာ(AGTI) ဒီပလိုမာရရှိကြသူများမှာ ကချင်တိုင်းရင်းသားတစ်ဦး၊ ကယန်းတိုင်းရင်းသားသုံးဦး၊ ကရင်တိုင်းရင်းသားငါးဦး၊ ထားဝယ်တိုင်းရင်းသားတစ်ဦး၊ ဓနုတိုင်းရင်းသားနှစ်ဦး၊ ပလောင်တိုင်းရင်း သားလေးဦး၊ ပအိုဝ်းတိုင်းရင်းသားနှစ်ဦး၊ မွန်တိုင်းရင်းသားခြောက်ဦး၊ ရခိုင် တိုင်းရင်းသားကိုးဦး၊ ရှမ်းတိုင်းရင်းသားရှစ်ဦး၊ အင်းသားတိုင်းရင်းသားနှစ်ဦး စုစုပေါင်း (AGTI) ဒီပလိုမာဘွဲ့ရ ၄၃ ဦးတို့ဖြစ်ကြသည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

“မြန်မာနိုင်ငံ လာရောက်ရတာ တစ်ခေါက်ထက်တစ်ခေါက် ပိုကောင်းမွန်လာပါတယ်။ ကျောက်မျက်ရတနာ ဝယ်ရတာလည်း ကောင်းပါတယ်။ သွားလာရေး အဆင်ပြေပြီး အေးချမ်းပျော်ရွှင်မှု ရှိပါတယ်။”

John. K. W. Lam
(ဒါရိုက်တာ
On Wing International Co., Ltd.)

■ *ကျောက်ဖုံးမှ*

ကျောက်မျက်ရတနာဈေးကွက်များပေါ်ထွန်းရေးကို နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ အောက်တိုဘာလတွင်ကျင်းပသော နှစ်လယ်ရောင်းချပွဲ၊ မတ်လတွင် ကျင်းပသော နှစ်ဝက်ရောင်းချပွဲများအပြင် ၂၀၀၄ ခုနှစ် ဇွန်၊ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကိုပင် စတင်ကျင်းပရောင်းချသည်။

ကျောက်မျက်များအနေဖြင့် တင်ဒါစနစ်ဖြင့် အတွဲ ၇၈တွဲ၊ ဈေးပြိုင်စနစ်ဖြင့် အတွဲ ၆၂တွဲ တင်ပြရောင်းချသွားမည်ဖြစ်ပြီးအများအားဖြင့်မိုးကုတ်ရတနာမြေ၊ မိုင်းရှူးရတနာမြေစသည်တို့မှထွက်ရှိသော ပုဂ္ဂလိကကုမ္ပဏီကျောက်မျက်ရတနာဖြစ်သည်။ အထူးရောင်းချပွဲတွင် ပြသထားသည့် အကျိုးတူလုပ်ငန်းပိုင် ကျောက်စိမ်းအထည်ကျောက်အရိုင်းတွဲများ၊ထူးခြားကောင်းမွန်သည့် အထည်ကျောက်အကောင်းများပါဝင်သကဲ့သို့ ကျောက်မျက်တွင်လည်း စိတ်ဝင်စားဖွယ်ရာ ရတနာများပါဝင်သည်။

တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲများထဲတွင် ကျောက်စိမ်းနဂါးကုမ္ပဏီက အကျိုးတူပူးပေါင်းထုတ်လုပ်မှုဖြင့် ၂၀၀၄ ခုနှစ် မေ ၇ ရက်က တူးဖော်ရရှိသည့်ကျောက်စိမ်းအတုံး ၁၁တုံးပါသော Lot No. 1039 သည် တန်ဖိုးအမြင့်ဆုံးဖြစ်သည်။ အလေးချိန် ကီလိုဂရမ်၃၀ရှိပြီး ယူရိုငွေ၉၃၀၀၀၀ အခြေခံဈေး သတ်မှတ်ထားသည်။ ကျောက်မျက်တွင် မိုင်းရှူးဒေသက ထွက်ရှိသည့် ၂၆ပွင့်ရှိ ပတ္တမြားရိုင်း Lot No. 166 သည် တန်ဖိုးအများဆုံးဖြစ်သည်။ အလေးချိန် ၆၈၈ကရက်ရှိပြီး ယူရိုငွေ ၇၇၀၀၀၀ အခြေခံဈေး သတ်မှတ်ထားသည်။ တစ်ပွင့်တည်းသော မိုးကုတ်ကျောက်အနေဖြင့် ဈေးအမြင့်ဆုံး Lot No. 79 သည် ၂၇၃သမ၅၄ကရက်လေးပြီး ယူရိုငွေ ၁၆၈၀၀၀ အခြေခံတန်ဖိုး သတ်မှတ်ထားသည်။

အထူးရောင်းချပွဲ

ရှေးဦးစွာ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးအား မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့သည်။ ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးက “ယခင်က ကျောက်မျက်ရတနာပြပွဲကို နှစ်ဝက်၊ နှစ်လည် တစ်နှစ် နှစ်ကြိမ်သာကျင်းပခဲ့ရာက ယခု ၂၀၀၄ခုနှစ် ဇွန်လမှာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို စတင်ကျင်းပတာဖြစ်ပါတယ်။

အထူးရောင်းချပွဲ လုပ်ကိုင်ရတဲ့ ရည်ရွယ်ချက်က ပုဂ္ဂလိကတိုင်းရင်းသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် တူးဖော်ရရှိသော ကျောက်မျက်၊ ကျောက်စိမ်းများ မြန်မြန်ဆန်ဆန်ရောင်းချနိုင်ဖို့၊ ငွေအိပ်မနေဖို့နဲ့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားသုံးငွေရရှိကာ အကျိုးရှိစေဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ရတနာကုန်သည်များ ယခင်ကထက် လာရောက်ဖို့ရန် ပိုမိုလွယ်ကူပြီး ငွေယူဆောင်ရတာလည်း ပိုမိုလွယ်ကူ အဆင်ပြေလာလို့ တရုတ်ရတနာကုန်သည် လူငယ်အများအပြားပင် ကြိုကြိုတင်တင် ရောက်နေကြတယ်။ ရတနာပြပွဲများ ပြုလုပ်ပေးနိုင်လို့လည်း ဆီဒိုးနားဟိုတယ်လိုဟိုတယ်ကြီးများမှာ တည်းခိုသူ ပြည့်လျှံသွားပါတယ်။ ဆက်စပ်နေတဲ့ တည်းခိုရေး၊ သွားလာရေးလုပ်ငန်းများပါအကျိုးရှိ ဝင်ငွေတိုးစေပါတယ်”ဟု ရှင်းလင်း ပြောကြားသည်။

၆၈၈ ကရက်လေးပြီး ယူရိုငွေ အခြေခံဈေး ၇၇၀၀၀၀ တန်ဖိုးရှိ ၂၆ ပွင့်ပါ မိုင်းရှူးပတ္တမြားရိုင်း တင်ပြရောင်းချသူ ဒေါ်နုနု(ဇော်ထက်အောင်)အား ထပ်မံတွေ့ဆုံ မေးမြန်းသည်။ ဒေါ်နုနုက “ကျောက်မျက်ရတနာအများအပြားထွက်ရှိတဲ့ မြန်မာနိုင်ငံမှာ ကျောက်မျက်ဈေးကွက်ကြီး အမြဲရှိသင့်နေပါတယ်။ကျောက်မျက်ပြပွဲ မကြာခဏ ကျင်းပပေးတာ အလွန်ကောင်းပါတယ်။ ပုဂ္ဂလိက ရတနာကုန်သည်များ ငွေမအိပ်နေတော့ဘဲ အကျိုးများလှပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့နောက် တရုတ်ပြည် ဟောင်ကောင် Fully Champion Co., Ltd. မှ ရတနာကုန်သည် Chong Kam Cuing အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းသည်။ Chong Kam Cuing က “မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာပြပွဲတွေ မကြာခဏပြုလုပ်နိုင်တာ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ပြသရာရောက်တဲ့အပြင် ကျောက်မျက်ဈေး ကွက်ဖော်ထုတ်ရာလည်း ရောက်ပါတယ်။ အေးအေးချမ်းချမ်းနဲ့ သွားရလာရတာအဆင်ပြေပါတယ်။တည်းခိုရတဲ့ဟိုတယ်များလဲ ကောင်းပါတယ်။စိတ်ချမ်းသာပါတယ်။

စတင်တိုးချဲ့လိုက်တဲ့ ၂၀၀၄ ခုနှစ် မိုးရာသီအထူးရောင်းချပွဲမှာ သင့်တင့်မျှတတဲ့ အလယ်အလတ် ကျောက်စိမ်းများပိုမိုပါရှိလာလို့ကောင်းမွန်ပါတယ်။ အောင်မြင်တဲ့ပြပွဲလဲ ဖြစ်ပါတယ်။ ရတနာကုန်သည်အများအပြားလာကြပါတယ်။ သဘောလဲကျပါတယ်။ ကျောက်စိမ်းများကို Air Con နဲ့ ထားရှိပြီး ကျောက်စိမ်းကို လိုသလို မီးနဲ့ ထိုးကြည့်နိုင်အောင် စီစဉ်ပေးနိုင်ရင် ပိုမိုကောင်းမွန်ပါမယ်” ဟု အကြံပြုပြောကြားသည်။

အကျိုးများ

ကျောက်စိမ်း ကျောက်မျက် အကောင်းဆုံး၊ အများဆုံးထွက်ရှိသည့် မြန်မာနိုင်ငံက ကျောက်မျက်ပြပွဲကို နှစ်ဝက်၊ နှစ်လည်ပြပွဲ တစ်နှစ်နှစ်ကြိမ်အပြင် ၂၀၀၄ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကျင်းပနိုင်ခြင်းသည် ကျောက်မျက်ဈေးကွက်တိုးချဲ့နိုင်သကဲ့သို့ ပုဂ္ဂလိက ရတနာကုန်သည်များနှင့် နိုင်ငံတော်အတွက်ပါ ဝင်ငွေတိုးပြီးအကျိုးများလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ ရတနာကုန်သည် ၇၆၀ ရောက်ရှိ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပသော ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံပေါင်း ငါးနိုင်ငံ ကုမ္ပဏီ ၁၅၂ ခုမှ ရတနာကုန်သည် ၄၁၀ နှင့် ပြည်တွင်းကုမ္ပဏီ ၁၂၂ ခုမှ နိုင်ငံသားရတနာကုန်သည် ၃၅၀ စုစုပေါင်း ရတနာကုန်သည် ၇၆၀ ရောက်ရှိနေကြပြီဖြစ်သည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသောကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြရာ အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက်ဆပ်ကော်မတီ အတွင်းရေးမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

ဇွန် ၂၈ ရက်တွင် ပြည်တွင်း ပြည်ပရတနာ ကုန်သည်များထပ်မံရောက်ရှိကြမည့်ဖြစ်ပြီး ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဆက်လက်ကြည့်ရှုစစ်ဆေးကြမည်ဖြစ်သည်။

ဇွန် ၂၉၊ ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း၊ ဇူလိုင် ၂ ရက်နှင့် ၃ရက်တို့တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာ့ဘောလုံးအားကစားတိုးတက်ရေးနှင့် အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ အားကစားကလောင်ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်)က Football အကယ်ဒမီ တည်ဆောက်ရေး၊ နည်းစနစ်ဒါရိုက်တာ ခန့်ထားရေး၊ မြန်မာနိုင်ငံဘောလုံး ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲများတွင်ဆုကြေးငွေများတိုးမြှင့်ချီးမြှင့်ကာ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများကို ပြည်သူလူထု စိတ်ဝင်စားလာရန် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် ဦးခင်မောင်ကြိုင်က ယခုလာမည့် ၂၀၀၄–၂၀၀၅ခုနှစ် အဆင့်မြင့်တန်းပြိုင်ပွဲတွင်ကျင့်သုံးမည့် ပြိုင်ပွဲပုံစံ၊ ချီးမြှင့်မည့်ဆုကြေးအခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ အမှုဆောင်ဦးမျိုးဝင်းညွန့်က ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မောင်ကိုက မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအတွက် နိုင်ငံတော်နှင့် အဖွဲ့ချုပ်က စားသောက်နေထိုင်ရေးမှအစ ပံ့ပိုးကူညီဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အားကစားကလောင်ရှင်များက သိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်)က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ရန်ကုန်မြင်းစီးအသင်း(Yangon Equestrian and Country Club)၌ ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲတွင် အလုစီး (Show Jumping) ပွဲစဉ်များကို ကျင်းပရာ အငယ်တန်းပြိုင်ပွဲတွင် အားကစားသမားငါးဦး၊ အလတ်တန်းပြိုင်ပွဲတွင် အားကစားသမား ခုနစ်ဦး၊ အလွတ်တန်းပြိုင်ပွဲတွင် အားကစားသမား ကိုးဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ငွေသားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ဇူလိုင် ၁ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ပထမအကြို ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ပေါ်တူဂီ အသင်းနှင့် လိမ္မော်ရောင်ဟော်လန် အသင်းတို့လစ္စဘွန်းမြို့ရှိ စပို့တင်း ကလပ်ပိုင် Estadio Jose Alvalde ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပေါ်တူဂီအသင်း

ပေါ်တူဂီအသင်းသည် အုပ်စုပွဲစဉ်၌ ဂရိကို နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးကာ စပိန်ကို တစ်ဂိုး–ဂိုးမရှိ၊ ရုရှားကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်တွင် အင်္ဂလန်ကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်အထိ လေးပွဲကစားရာတွင် သုံးပွဲနိုင်ပြီး တစ်ပွဲရှုံးထားသည်။

ပေါ်တူဂီအသင်းသည် လေးပွဲတွင် (ပယ်နယ်တီဂိုးများမပါ) ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး သုံးဂိုးအသွင်းခံခဲ့ရသည်။ ပေါ်တူဂီအသင်းအတွက် ရူအီကော်စတာက နှစ်ဂိုး၊ ခရစ္စတီယာနိုရော်နယ်ဒို၊နူနိုဂိုမက်၊မန်နစ်ချ်နှင့် ပိုစတီဂါတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

ပွဲပယ်ခံရမည်

အင်္ဂလန်နှင့်ပွဲတွင်ပေါ်တူဂီအသင်းမှ ကော်စတင်ညာ၊ ဒေကိုနှင့် ကာဗယ်ဟိုတို့ အဝါကတ်များ ပြခံခဲ့ရသည်။ ၎င်းတို့သုံးဦးစလုံး မူလက အဝါကတ် တစ်ကြိမ်စီထိထားကြ၍ နှစ်ဝါအနီဖြင့် ပွဲပယ်ခံရမည်ဖြစ်သည်။

ဟော်လန်အသင်း

ဟော်လန်အသင်းသည် အုပ်စုပွဲစဉ်၌ လတ်ဗီးယားကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ကာ ဂျာမနီနှင့် တစ်ဂိုးစီ သရေကျပြီး ချက်ကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးခဲ့သည်။ အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်အထိ လေးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ကစားခဲ့သည့်လေးပွဲတွင် (ပယ်နယ်တီဂိုးများမပါ)ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး လေးဂိုးအသွင်းခံခဲ့ရသည်။ ဟော်လန်အသင်းအတွက် နစ္စတယ်ရွိုင်းတစ်ဦးတည်းက လေးဂိုးသွင်းယူပြီး ရွိုင်းမက်ကေးနှင့် ဘောမားတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သည်။

အုပ်စုလမ်းကြောင်း

ပေါ်တူဂီအသင်းနှင့် ဟော်လန်အသင်းတို့၏ အကြိုဗိုလ်လုပွဲသို့တက်ရောက်လာသည့်အနေအထားကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက နှစ်သင်းစလုံး ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရသည်ဟုဆိုနိုင်သည်။ ပေါ်တူဂီအသင်းသည် ပြိုင်ပွဲမစမီက အုပ်စုအနေအထားကောင်း၍ အုပ်စုပထမရနိုင်သည်ဟု ထင်ကြေးပေးခြင်းခံခဲ့ရသည်။

ဟော်လန်အသင်းပါဝင်သည့်အုပ်စု (ဃ)ကို ပြိုင်ပွဲမစတင်မီက မရဏအုပ်စုဟု တင်စားခဲ့သော်လည်း နာမည်ကြီး ဂျာမနီအသင်း ခြေစွမ်းမပြနိုင်၍ ကျပ်ချောင် ဖြစ်ခဲ့သည်။

ကွာတားဖိုင်နယ်

ပေါ်တူဂီအသင်းနှင့် ဟော်လန်အသင်းတို့၏ခြေစွမ်းအမှန်ကို မှတ်ကျောက်တင်သည့်ပွဲမှာ ကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည်။ ပေါ်တူဂီအသင်းက နာမည်ကြီးအင်္ဂလန်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သလို ဟော်လန်အသင်းကလည်း ခြေစွမ်းထက်လှသည့်ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းရော၊ ဆွီဒင်အသင်းပါ ဆီမီးဖိုင်နယ် တက်ရောက်နိုင်သော ခြေစွမ်းမျိုးရှိကြသည်ဖြစ်ရာ ပေါ်တူဂီနှင့်ဟော်လန်တို့ ခြေစွမ်းထက်၍သာ ပယ်နယ်တီဖြင့် နိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်ဖြတ်သန်းမှုတွင် ပေါ်တူဂီအသင်း ခက်ခက်ခဲခဲကစားခဲ့ရသလို ကွာတားဖိုင်နယ်တွင်လည်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော အင်္ဂလန်အသင်းကို အနိုင်ရခဲ့သည်။ ဟော်လန်အသင်းသည်လည်း အုပ်စုပွဲစဉ်တွင် ခက်ခက်ခဲခဲကစားခဲ့ရပြီး အသင်းလိုက်ရော၊ တစ်ဦးချင်းပါကောင်းသည့် ဆွီဒင်ကို အနိုင်ရခဲ့သည် ဖြစ်ရာ အမှန်တကယ် ခြေစွမ်းထက်သည်။

နည်းပြဆရာ

ပေါ်တူဂီအသင်းအကြိုဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်သည်မှာ နည်းပြ စကိုလာရီ နည်းဗျူဟာပိုင်နိုင်မှုကြောင့် လည်းဖြစ်သည်။ အင်္ဂလန်နှင့်ပေါ်တူဂီ တို့ဆုံကြပြီဆိုသောအခါ ပေါ်တူဂီ နည်းပြ စကိုလာရီနှင့်အင်္ဂလန်နည်းပြ အဲရစ်ဆင်တို့၏ နည်းဗျူဟာပြိုင်ပွဲ ကို ကြည့်ရတော့မည်ဟု တွက်ခဲ့ကြသည်။

နည်းပြအဲရစ်ဆင်သည် တစ်ဂိုး အနိုင်ဖြင့် ပွဲသိမ်းမည်ဟုထင်ကာ တိုက်စစ်သမားများထုတ်ပြီး ခံစစ်သမားများကိုထည့်ခဲ့သည်။သို့သော် စကိုလာရီသည် တစ်ဂိုးရှုံးနေသည့် အနေအထားကို လူစားသုံးဦးလဲပြီး ပြောင်းပြန်လှန်ပစ်လိုက်သည်။နည်းပြ စကိုလာရီသည် ပရော်ဖက်ရှင်နယ် နည်းပြပီသစွာ ဂိုးရရှိရေးအတွက် အသင်းခေါင်းဆောင် လူးဝစ္စဖီဂိုကိုပင် ထုတ်ပစ်လိုက်သည်။ နည်းပြ စကိုလာရီက လူစားသုံးဦးလဲပြီး ကွင်းထဲ ထည့်လိုက်ရာ ပိုစတီဂါကတစ်ဂိုး၊ ရူအီကော်စတာက တစ်ဂိုးသွင်းပြီး ဆီမာအိုက တစ်ဂိုးရအောင် ဖန်တီး ပေးနိုင်ခဲ့သည်။

ဟော်လန်နည်းပြ

ဟော်လန်နည်းပြ ဒစ်အက်ဒ်ဗိုကတ်သည်လည်း သူ့နည်းသူ့ဟန်ဖြင့် တော်သူပင်ဖြစ်သည်။ လက်ရွေးစင် အသင်းနှင့်အတူ အောင်မြင်မှုမရဘူး သေးသော်လည်း ကလပ်အသင်း အဆင့်၌ အောင်မြင်မှုရရှိခဲ့ဖူးသည်။ ၁၉၉၈ခုနှစ်တွင် စကော့တလန်မှ ရိန်းဂျား ကလပ်အသင်းကို တာဝန်ယူခဲ့ရာ နှစ်နှစ်တာအတွင်း ရိန်းဂျား အသင်းအား အမှတ်ပေးချန်ပီယံ နှစ်ကြိမ် ဆွတ်ခူးအောင် စွမ်းဆောင် နည်းပြပေးနိုင်ခဲ့သည်။

နှိုင်းယှဉ်သုံးသပ်ရသော်

ဟော်လန်နှင့်ပေါ်တူဂီတို့နှစ်သင်း စလုံး၏ အားသာချက်မှာ အလယ်တန်းပင်ဖြစ်သည်။ သို့သော် ပေါ်တူဂီ အလယ်တန်းမှ ဒေကိုနှင့် ကော်စတင်ညာတို့ မပါဝင်နိုင်၍ ရူအီကော်စတာ နှင့် ရိုဗီယိုမန်နစ်ချ်တို့ဖြင့် အစားထိုး ရဖွယ်ရှိရာ အတန်ငယ်အားနည်းသွား မည်ဖြစ်သည်။ ပေါ်တူဂီမှ လူးဝစ္စ ဖီဂိုနှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့၏ ကွင်းလယ် ဖန်တီးချက်များနှင့် ဟော်လန်မှ ဆီးဒေါ့ဖ်နှင့်အဂ္ဂါဒေးဗစ် တို့၏အတက်အဆင်းကစားဟန်မှာ ကစားပေါက်ချင်း မတူသော်လည်း တစ်မျိုးစီ ကြည့်ကောင်းကြသည်။

ရှေ့တန်းအားတွင် ပေါ်တူဂီမှ ပေါလက်တာ၊ နူနိုဂိုမက်၊ ဆီမာအို တို့ ကောင်းကြသော်လည်း ဟော်လန်မှ နစ္စတယ်ရွိုင်း၊ ကလျိုက်ဗက်၊ ရော်ဘင်နှင့် ဗန်ဒါမေဒီတို့လောက် အဆုံးသတ် မပိုင်နိုင်ဟု ထင်မိသည်။ ဟော်လန်နောက်တန်းသည် ချက်နှင့်ပွဲ တွင် ကစဉ့်ကလျားဖြစ်ခဲ့သော်လည်း ကွာတားဖိုင်နယ်၌ ဆွီဒင်တိုက်စစ်ကို ဂိုးမပေးရအောင် ထိန်းချုပ်ထားနိုင်ခဲ့သည်။ ဘောမား၊ ကိုကူး၊ စတမ်းနှင့် ရိုင်ဇီဂါတို့ အတွေ့အကြုံများ၍ အိမ်ရှင် တိုက်စစ်မှူးများကို ပယ်နယ်တီမပေး ရအောင် ပါးပါးနပ်နပ် ဟန့်တားနိုင် ဖွယ် ရှိသည်။

ပေါ်တူဂီအသင်းသည် အိမ်ရှင် ဟူသော မာန်လေးရှိထားသလို နာမည်ကြီးအင်္ဂလန်ကိုပင် အရှုံးမှအနိုင် ဖြစ်အောင် ကစားပြထား၍ စိတ်ဓာတ် ရေးရာအပိုင်း၌အထူးမြင့်မားနေသည်။ အင်္ဂလန်နှင့်ပွဲတွင် အခြေအနေအရ လူးဝစ္စဖီဂိုကို ထုတ်လိုက်ရသော်လည်း ဟော်လန်နှင့်ပွဲတွင် နည်းပြစကိုလာရီ ပြန်လည်ပွဲထုတ်ဦးမည်သာ ဖြစ်သည်။ ဂိုးသမားချင်းယှဉ်လျှင် ဟော်လန် ဂိုးသမားဗန်ဒါဆား အတွေ့အကြုံများ ပြီး ပယ်နယ်တီကာကွယ်နိုင်သလို ပေါ်တူဂီဂိုးသမား ရီကာဒိုကလည်း အင်္ဂလန်နှင့်ပွဲတွင် ပယ်နယ်တီတစ်လုံး ကာကွယ်ပြီး အနိုင်ဂိုးသွင်းပေး၍ ပေါ်တူဂီ၏ သူရဲကောင်း ဖြစ်နေသည်။

အိမ်ရှင်အလေးသာ

ပေါ်တူဂီနှင့် ဟော်လန်တို့ကို ဘောလုံးပညာပိုင်းအရကြည့်၍သုံးသပ် မည်ဆိုလျှင် ဟော်လန်အသင်းက နိုင်ချေပိုများသော်လည်း အခြားသော အခြေအနေအရပ်ရပ်ကို ထည့်တွက်ပါက ပေါ်တူဂီကပို၍ အလေးသာလျက် ရှိသည်။ အိမ်ရှင်ပရိသတ် ထောင်သောင်း၏တစ်ခဲနက် အားပေးမှု၊ ဒိုင်လူကြီး၏ ဥပဒေအတွင်းမှ ပါးပါးလေး သာမက ထူထူလေး မျက်နှာသာပေး မှုနှင့် ရာသီဥတုအပူဒဏ်တို့ကို မဖြစ်မနေ ထည့်တွက်ရမည်သာ ဖြစ်သည်။

ယခုနောက်ပိုင်းကျင်းပသော နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ၌ ဒိုင်လူကြီးများက အိမ်ရှင်အသင်းကို မသိမသာရော၊ သိသိသာသာပါ ဘက်လိုက်မှုများရှိနေသည်ကို မငြင်းနိုင်ပေ။ အင်္ဂလန်နှင့်ပေါ်တူဂီပွဲတွင် ဆိုးကမ်းဘဲလ် ခေါင်းတိုက်သွင်းသော ဂိုးမှာအိမ်ရှင်ပေါ်တူဂီအသင်းက သွင်းယူခဲ့လျှင် ဂိုးပေးမည်သာ ဖြစ်သည်။ ဘောလုံးဥပဒေ ဆိုသည်မှာ ဒိုင်လူကြီးများ၏ လက်ထဲ၌ သားရေကွင်းကဲ့သို့ လျှော့၍ တင်း၍ရနေသည်။ အိမ်ရှင် အသင်းနှင့်ကစားလျှင် ပြတ်ပြတ်သားသား မနိုင်ပါက ဒိုင်လူကြီးက ခပ်ပါးပါးလေးထိန်းကျောင်းပြီး အိမ်ရှင်ကို အနိုင်ရသွားစေမည်သာ ဖြစ်သည်။

သို့ဖြစ်၍ အိမ်ရှင် ပေါ်တူဂီနှင့် ဟော်လန်တို့ပွဲကို ပွဲကြိုခန့်မှန်းချက်ထုတ်ကြည့်သည့်အခါ ကစားသမား အင်အား၊ ကစားခဲ့သည့်ခြေစွမ်းများ ကိုသာမကြည့်ဘဲ ပွဲ၌ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ အရပ်ရပ်ကို ထည့်သွင်းစဉ်းစားရန် လိုပေသည်။ စာရေးသူအနေဖြင့် ပေါ်တူဂီနှင့်ဟော်လန်တို့ကို ခြေရည်အားဖြင့်အတူရှိမည်ဟုထင်မိသည်။ သို့သော် အိမ်ရှင်ဆိုသည့် အားသာချက်အရ အပိုဆောင်းရရှိလာနိုင်သည့် ကံကောင်းခြင်းလက်ဆောင်များကို တွက်ဆကာ အိမ်ရှင် ပေါ်တူဂီ အနိုင်ရသွားလေမလားဟု ထင်မြင်ယူဆမိပေသည်။ ။

(မြန်မာ့အလင်း)

ဟော်လန်နှင့် ဆွီဒင်တို့၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆွီဒင်အသင်းအတွက် ခြောက်လုံးမြောက် ပယ်နယ်တီကို အသင်းခေါင်းဆောင် မဲလ်ဘရန့်က ကန်သွင်းရာ ဟော်လန်ဂိုးသမား ဗန်ဒါဆား ဤသို့ဖမ်းယူကာကွယ်နိုင်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ဟော်လန်ကဆွီဒင်ကိုပယ်နယ်တီဖြင့်အနိုင်ရရှိ အိမ်ရှင်ပေါ်တူဂီနှင့်အကြိုဗိုလ်လုပွဲကစားရမည်

ရန်ကုန် ဇွန် ၂၇

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ကျင်းပလျက်ရှိရာ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ ဇွန် ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅မိနစ်တွင် ကွာတားဖိုင်နယ်ပွဲစဉ်(၃)အဖြစ် ဟော်လန်အသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဟော်လန်အသင်းက ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဟော်လန်အသင်းနှင့် ဆွီဒင်အသင်းတို့သည် ပုံမှန်ကစားချိန် မိနစ်၉၀နှင့် အချိန်ပို မိနစ်၃၀ စုစုပေါင်း ပွဲကစားချိန် မိနစ် ၁၂၀ တိတိ ယှဉ်ပြိုင်ကစားကြပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူရာ ဟော်လန်အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဟော်လန်အသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ ခြေအသာစီးမှ ကစားနိုင်သော်လည်း ဂိုးမရခဲ့ပေ။ ဆွီဒင်အသင်းကလည်း အခွင့်အရေးရလျှင် ပြန်လည်ထိုးဖောက်ကစားရာ ဂိုးသွင်းခွင့်များရရှိခဲ့သည်။ အချိန်ပိုဒုတိယပိုင်း ပြီးဆုံးခါနီးတွင် ဆွီဒင်အသင်းမှ ယွန်းဘတ်ကန်သွင်းသည့်ဘောလုံး ဂိုးတိုင်ထိပြီး ထွက်သွား၍ ဟော်လန်တို့ ကံကောင်းသွားခဲ့ရသည်။

ပယ်နယ်တီကန်

အချိန်ပိုတွင် အနိုင်အရှုံးမပေါ်၍ ပယ်နယ်တီငါးလုံးစီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရာ ဟော်လန်အသင်းမှ နစ္စတယ်ရွိုင်း၊ဟိုက်တီဂါ၊ ရွိုင်ဇီဂါနှင့် ရွိုင်မက်ကေးတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး အသင်းခေါင်းဆောင် ကိုကူး ကန်သွင်းသည့်ဘောလုံး တိုင်ထိထွက်သွားသည်။ ဆွီဒင်အသင်းမှ ကယ်စရွန်း၊ လာဆင်၊ ယွန်းဘတ်နှင့် ဝီလ်ဟမ်ဆင်တို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး တိုက်စစ်မှူး အီဗရာဟီမိုဗစ် ကန်သွင်းသောဘောလုံး ဂိုးပေါက်လွဲသွားခဲ့သည်။ ခြောက်လုံးမြောက် ပယ်နယ်တီကန်သွင်းရာတွင် ဆွီဒင်အသင်းခေါင်းဆောင် မဲလ်ဘရန့် ကန်သွင်းသည့်ဘောလုံးကို ဟော်လန်ဂိုးသမား ဗန်ဒါဆားဖမ်းမိပြီး ဟော်လန် အသင်းမှ ရော်ဘင်ကန်သွင်းသည့်ဘောလုံး ဂိုးဝင်သွားသဖြင့် ဟော်လန် အသင်းက ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

(မြန်မာ့အလင်း)

အကြမ်းဖက်အဖျက်သမားများမိုင်းထောင် ရန်ကုန်ဘူတာကြီးဝန်းကျင် မိုင်းပေါက်ကွဲ

ရန်ကုန် ဇွန် ၂၇

ယနေ့နံနက်စောစောပိုင်းတွင် ရန်ကုန်ဘူတာကြီး ရိုးရိုးတန်းလက်မှတ် အရောင်းဌာနနှင့် ဓာတ်ဆီဆိုင်တောင်ဘက်အကြားရှိပန်းခြံငယ်အတွင်း၌ အကြမ်းဖက် အဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ လူထိခိုက်မှုမရှိကြောင်းသိရသည်။

အကြမ်းဖက်သမားများသည် အများပြည်သူလူထု ထိခိုက်သေကျေတုန်လှုပ်ချောက်ချားစေရန် လည်းကောင်း၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကို အနှောင့်အယှက် ဖြစ်စေရန် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိဟူသော သတင်းများပျံ့နှံ့စေရန် လည်းကောင်း ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက် အဖျက်သမားများအား ဆက်လက်ရှာဖွေ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စည်ပင်အရာရှိရိပ်သာ၊ အခန်း ၈၊ မြေညီထပ်နေ၊ ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်သက်တို့၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တာမွေပလာဇာ၊ အခန်းအမှတ် (၅/E)သည် ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)၏ အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိ၍ နေထိုင်ခွင့်ရရှိထားသော အခန်းဖြစ်ပါသည်။ ယင်းအခန်းတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် ၅၄၀၁၁၄သည် ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)အမည်ဖြင့် ငှားရမ်းသုံးစွဲ တပ်ဆင်ခွင့်ရရှိထားသော တယ်လီဖုန်းဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းများသည် ဒေါ်ခင်သန်းဦး ၉/စကန(နိုင်)၀၁၈၃၂၀ နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်းနှင့် ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)က ဒေါ်ခင်သန်းဦးအား အထူးကိုယ်စားလှယ်စာသော် လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်စာသော် လည်းကောင်း မည်သည့်အခါကမျှ ပေးအပ်ခဲ့ခြင်းမရှိသကဲ့သို့ ယင်းပစ္စည်းများကို ၎င်းအား မည်သည့်အခါကမျှ လွှဲပြောင်းပေးကမ်းခဲ့ခြင်းမရှိပါ။

အထက်ဖော်ပြပါ ယင်းပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဒုရဲမှူးကြီး ဇော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်သက်တို့မသိဘဲ ဒေါ်ခင်သန်းဦးက ကျူးလွန်ဆောင်ရွက် ခဲ့သည့် ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍ ယောက္ခမတော်စပ်သူ ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်မြင့်မြင့်သက်တို့တွင် လုံးဝတာဝန်မရှိသည့်အပြင် ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှု အရပ်ရပ်အပေါ် ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းများအား ပိုင်ရှင်ဖြစ်သူ ဒုရဲမှူးကြီးဇော်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်သက်တို့မှလွဲ၍ အခြားမည်သူတစ်စုံတစ်ဦးကမျှ တရားဝင်လွှဲပြောင်းရောင်းချ ပေးကမ်းခြင်းပြုခွင့်မရှိကြောင်းနှင့် ပြုခဲ့ပါက တရားမဝင်သည့်အပြင် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းကြည် LL.B, H.G.P., D.B.L.,D.M.L.တရားရုံးချုပ်ရှေ့နေ
တိုက်(၂)၊ အခန်း (၀၀၈)၊ အနော်ရထာအိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-292012,e-mail: mkw.nhs@mptmail.net.mm

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၀၆၊၁၀၈)နေ
ဦးမြတ်သင်းအောင်(Chairman Aung Aung Group of Companies၊ ဥက္ကဋ္ဌ၊ လှိုင်သာယာစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ)-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်ပထမဆင့်)MD Aung Aung Enterprise Ltd.(ဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)တို့၏သား

မောင်ဇော်မိုးခိုင်

B.S(Marketing),MBA(Finance & Strategic Planning)
University of Pittsburgh,USA
Doctor of Business Administration(Candidate)
University of Western Sydney, Australia
Managing Director-AA Medical Products Ltd. and Katerdoscope Holdings Pte Ltd,Singapore

နှင့်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၂၈)နေ
ဦးမောင်မောင်အေး[Chief Officer, Neptune Shipmanagement Services(Pte)Ltd.,Singapore]-ဒေါ်မြမြဝင်း
(မန်နေဂျာ၊ငြိမ်း၊ဆေးနှင့်ဆေးပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း)တို့၏သမီးလတ်

ဒေါက်တာစောနေနွယ် (M.B.,B.S)(Ygn)
Certified Accounting Technician(ACCA),UK

တို့၏ ၂၇-၆-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ရန်ကုန်မြို့ Traders Hotelတွင် ကျင်းပသော စုလျားရစ်ပတ်လက်ထပ်မင်္ဂလာအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ သမီးဒေါ်သန္တာရွှေမိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ အောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်တို့ကို တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ သံအမတ်ကြီးများ၊ စက်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ခေါင်းဆောင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာစက်မှု ကုန်ထုတ်သူများအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆေးရုံကြီးများမှဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ နိုင်ငံခြားမှ ကြွရောက်ချီးမြှင့်ပေးပါသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ဂုဏ်သရေရှိ လူကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ၂၇-၆-၂၀၀၄ရက် ည Sedona Hotelမင်္ဂလာညစာစားပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး၊ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများတို့အားလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ ၂၆-၆-၂၀၀၄ ရက် Sedona Hotel မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝခင်(အကြံပေးပုဂ္ဂိုလ်) စီးပွားရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ၅-၆-၂၀၀၄ရက်က မော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသောတရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မင်္ဂလာမေအမျိုးသမီးသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာ တရုတ်ကုန်သည်ကြီးများအသင်း၊ မြန်မာ တရုတ် အမျိုးသမီးအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ ဂုဏ်သရေရှိလူကြီးများ၊ နှစ်ဖက်သော မိတ်သင်္ဂဟများနှင့် ဆွေမျိုးမိတ်သင်္ဂဟများကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်။

ရွှေသဇင်သမအသင်း အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထူးဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၉နာရီမှစ၍ မြောက်ဥက္ကလာပ မြို့နယ်တွင်းရှိ ရွှေသဇင်အထွေထွေ စီးပွားရေး သမဝါယမအသင်း၊ ခေမာရောင်းဝယ်ရေး သမဝါယမအသင်း၊ စတိုး(၆) သမဝါယမအသင်း၊ ပြည့်ချမ်းသာ ရောင်းဝယ်ရေး သမဝါယမအသင်း၊ ဝေပုလ္လစံပြ စားသုံးသူလုပ်ငန်း သမဝါယမ အသင်းနှင့် နွယ်နီထွန်းရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်တို့၌ အထူးလျှော့ဈေးဖြင့် ရောင်းချပေးရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်စိုး၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးလျှံခန့်နန့်နှင့် ဦးစီးမှူးများ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံ စားသုံးကုန်ပစ္စည်းများကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးရာ ဝယ်ယူအားပေးသူများ စည်ကားလျက် ရှိသည်။

(၃၂၂)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဒေါ်ခင်တင့်၊ ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီ(ခင်ကြည်ကြည်ဖိနပ်ဆိုင်)
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်-ဒေါ်ခင်မျိုးဦး
တို့၏တူ
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၃၊ အခန်း ၆ နေ
(ဗိုလ်မှူးညွန့်မောင်)-ဒေါ်ခင်စောဦး(အထက-၁၊ ဒဂုံ၊ ငြိမ်း)
တို့၏ သားကြီး

မောင်ရန်နိုင်စိုး

2nd Mate(F.G)
Sunrise Marine Limited

နှင့်

ဒုတိယဗိုလ်မှူးကြီးလှသောင်း(ဥက္ကဋ္ဌ၊ ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်သွယ်သွယ်ဌေး
တို့၏သမီးကြီး

မနွယ်နီလှိုင်

Final Year (B.Act) Y.I.E
Diploma in Accounting (LCCI, UK)

တို့ကို ၈-၆-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ဗန်းမော်မြို့ နေအိမ်၌ ထိမ်းမြားမင်္ဂလာလက်ထပ်ခြင်း အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ် ရေးထိုးပေးသော ခရိုင်တရားသူကြီး ဦးဘိုလေးအား လည်းကောင်း၊ ဗီဒီယို ဓာတ်ပုံမှတ်တမ်းတင်ပေးသော ကိုပေါက်(ပန်းနုရောင်၊ မြစ်ကြီးနား)နှင့် အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၂၇-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေး၊ ရတနာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ ချစ်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသူ မတင်အေးခိုင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသူ မမြတ်စုလှိုင်အား လည်းကောင်း၊ မင်္ဂလာသတို့သား အရန်များအဖြစ် မောင်ဇော်ဇော်ဟန်၊ မောင်ကျော်မြတ်ခိုင်၊ မင်္ဂလာသတို့သမီးအရန်များအဖြစ် မကေဇင်မျိုးညွန့်၊ မသီသီဟန်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ပွင့်၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော ဝဏ္ဏခွာနီးနှင့် အဖွဲ့၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ ၂၇-၆-၂၀၀၄ရက်တွင် ပင်ဒါစားတော်ဆက်၌ ကျင်းပသော မင်္ဂလာဦးညစာစားပွဲသို့ တက်ရောက်အားပေးကြသော နှစ်ဖက်သော ဆွေမျိုးများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးမှ ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များအားလုံး၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်စိုး-မနွယ်နီလှိုင်။

ပဲခူးတိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို စိုက်ပျိုးရေးလုပ်ငန်းဖြင့်အထောက်အကူပြုနေ ခဝါရေလှောင်တမံအပါအဝင် ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါး ၄၀ တည်ဆောက်ပေးခဲ့

ရန်ကုန် ဇွန် ၂၇

ပဲခူးတိုင်းပြည်ခရိုင် ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီး ခဝါချောင်းပေါ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ခဝါရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ရက် နံနက် ၈ နာရီခွဲက အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတက်ရောက် အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ခဝါရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မအခြေခံစီးပွားရေးလုပ်ငန်းဖြစ်ပြီး အများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်း ဖြစ်ကြောင်း။ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ခနအင်အားတောင့်တင်းခိုင်မာလာမှာဖြစ်သလို ပြည်သူအများစု၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေအနေများသည်လည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာမှာဖြစ်၍ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးကို အလေးပေးအကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်းဆောင်ရွက်ပေးနေ

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရန် ရေရရှိရေးအစီအမံများကို နည်းလမ်းအသွယ်သွယ်နှင့် စီမံဆောင်ရွက်ပေးသည့်နေရာတွင် ဆည်ကြီးများ၊ ရေလှောင်တမံကြီးများ၊ အသေးစားနှင့်အလတ်စားဆည်အစုအဖွဲ့များ၊ ရေကြီးရေလွှမ်းမိုးမှု၊ ပင်လယ်ရေငန်ဝင်ရောက်မှုကို ကာကွယ်တားဆီးပေးသည့် ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို နိုင်ငံနှင့်အဝန်းဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးရေရရှိရေးဆိုင်ရာ စီမံကိန်းများကို ၁၉၈၈ခုနှစ် နောက်ပိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ဆောက်ပေးခဲ့သည်မှာ ယခုဖွင့်လှစ်သည့် ခဝါရေလှောင်တမံအပါအဝင် စီမံကိန်းပေါင်း ၁၆၁ ခုရှိလာပြီဖြစ်ပြီး စီမံကိန်း ၂၉ ခုကိုလည်း ပြည်နယ်နှင့်တိုင်း ၁၀ ခုမှာ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း။

အကျိုးပြု

တည်ဆောက်ပြီးစီးခဲ့သည့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ စီမံကိန်းများ၏ ကုန်ကျစရိတ်စုစုပေါင်းသည် ကျပ်သန်းပေါင်း ၇၀၄၇၃သန်းဖြစ်ပြီး လယ်ယာမြေဧကေ နှစ်သန်းတစ်သိန်းကျော် ရေသွင်းပြီး သီးထပ်စိုက်ပျိုး အကျိုးပြုနိုင်မှာဖြစ်ကြောင်း။

ပဲခူးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို စိုက်ပျိုးရေးလုပ်ငန်းနှင့်များစွာ အထောက်အကူပြုနေသည့် တိုင်းဖြစ်ပြီး ရေသယံဇာတ၊ မြေသယံဇာတများစွာ ပိုင်ဆိုင်သည့်တိုင်းဖြစ်၍ နိုင်ငံတော်အနေနှင့် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ယခုဖွင့်လှစ်သည့်ခဝါရေလှောင်တမံအပါအဝင် ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေထိန်းတံခါးကြီးပေါင်း ၄၀ကို ပဲခူးတိုင်းအတွင်း တည်ဆောက်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သလို စီမံကိန်းရှစ်ခုကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးတက်ဖြစ်ထွန်းလာ

ယခုဖွင့်လှစ်သည့် ခဝါရေလှောင်တမံသည် ပဲခူးတိုင်းအတွင်း ဧရာဝတီမြစ်အနောက်ခြမ်းဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လယ်ဧက ၂၀၀၀ ကို အကျိုးပြုနိုင်မှာဖြစ်သည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအတွက် သောက်သုံးရေကိုပါ ဖြန့်ဖြူးပေးဝေနိုင်မှာ ဖြစ်ကြောင်း၊ ခဝါရေလှောင်တမံတည်ဆောက်ပေးခြင်းအားဖြင့် ပဲခူးတိုင်း၏ စိုက်ပျိုးနိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်မှာဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း အထောက်အကူပြုနိုင်တော့မှာဖြစ်ကြောင်း၊ အခြားတစ်ဖက်မှ ကြည့်မည်ဆိုပါက သောက်သုံးရေအပြင် လယ်မြေဧက ၂၀၀၀ မှာ သီးထပ်စိုက်ပျိုးနိုင်တော့မှာဖြစ်သည့်အတွက် ခဝါရေလှောင်တမံ၏ ဆည်ရေသောက် ဧရိယာအတွင်းမှာရှိသည့် ကုန်းကလေး၊ တုံကင်းနှင့် ထောက်ကြံကုန်းကျေးရွာအုပ်စု သုံးခုအပါအဝင် ကျေးရွာပေါင်း ၁၂ ရွာရှိ ကျေးလက်နေ ပြည်သူခုနစ်ထောင်ကျော်တို့၏ စိုက်ပျိုးရေးကိစ္စများ အထူးကောင်းမွန်လာပြီး ဝင်ငွေများပါ တိုးတက်လာတော့မှာဖြစ်သည့်အတွက် ယင်းဒေသရှိ ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးမှာလည်း သိသိသာသာ တိုးတက်ဖြစ်ထွန်းလာတော့မှာ မလွဲဧကန် ဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုးခြင်း

ပဲခူးတိုင်းအနေနှင့် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀ မျိုးအနက် မိုးစပါးစိုက်ဧက သိန်း၃၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ရမည်ဆိုသည့် နိုင်ငံတော်က ပေးအပ်ထားသည့်ရည်မှန်းချက်ကို ပြည့်မီကျော်လွန်ပြီး စိုက်ပျိုးနိုင်အောင် စီမံကြရန်နှင့် ကျန်သီးနှံများအပြင် နှစ်ရှည်သုံးမျိုးဖြစ်သည့် ရော်ဘာ၊ ဆီအုန်း၊ သစ်ဆိမ့်၊ အမယ်သစ် (အမည်သစ်) သီးပင်သုံးမျိုးဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့အနက် ဒေသနှင့်ကိုက်ညီမည့် သီးနှံပင်များကိုလည်း စိုက်ပျိုးနိုင်သမျှ တိုးချဲ့စိုက်ပျိုးကြရန်လည်းလိုကြောင်း။

နိုင်ငံတော်၏စေတနာ

နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံပြီး စိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးသည့်အပြင် အထွက်တိုး မျိုးသန့်စပါးများဖြန့်ဝေခြင်း၊ မျိုးသန့်စပါးကို တောင်သူများကိုယ်တိုင် မျိုးဖွေးမြူထိန်းသိမ်းနိုင်သည့်စနစ်နှင့် စိုက်ပျိုးနည်းစနစ်များကို ပညာပေးခြင်းစသည့် လိုအပ်ချက်များကိုလည်း အခါမလပ်ဖြည့်ဆည်းစီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနေခြင်းသည် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် နိုင်ငံတော်၏ စေတနာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စေတနာကို သိမြင်နားလည် သဘောပေါက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တို့ကို နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီပူးပေါင်းပြီး အမျိုးသားရေးအသိဖြင့် တက်ကြွစွာ ဆောင်ရွက်သွားကြရန် အလေးနက်တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားကြသည်။ ယင်းနောက် ဒေသခံပြည်သူများ၏ကိုယ်စား ဒေသခံတစ်ဦးက ခဝါရေလှောင်တမံ ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများသည် ခဝါရေလှောင်တမံထိပ်၌ ကမ္ပည်းကျောက်စာတိုင်ရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်တည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ဝဲအပေါ်ပုံ)**

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ဖဲကြိုးဖြတ်၍ ခဝါရေလှောင်တမံကို ဖွင့်လှစ်ပေးကြသည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်နှင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများသည် ခဝါရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ခဝါရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ညွှန်ကြားရေးမှူးဦးတင်မောင်အုန်းက ခဝါရေလှောင်တမံရှိ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ခဝါရေလှောင်တမံသည် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီးကျေးရွာအနီးရှိ ခဝါချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်ထားခြင်း ဖြစ်သည်။ ရေဆင်းဧရိယာ ၁၅ ဒသမ ၅၄ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကေ ၁၄၁၄၀ ပေဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအမြင့် ၇၃ ပေ၊ တမံအလျားပေ ၁၉၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၁၃၀၀၊ ကန်ရေသေရေလှောင်ပမာဏဧကပေ ၂၂၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာဧကေ ၁၉၅၀ ဖြစ်သည်။

ရေထုတ်ပြွန်ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေထုတ်ပြွန်မှာ အလျား ၂၁၁ ပေ၊ ရေပိုလွှဲမှာ အကျယ်ပေ ၃၀ ဖြစ်သည်။ တူးမြောင်းမကြီးသည် အရှည်ကိုးမိုင်ရှိပြီး လက်တံမြောင်းမှာ အရှည်၁၂မိုင်၇ဖာလုံရှိသည်။ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာဧကေ ၂၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

ခဝါရေလှောင်တမံ

ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ချင်းရွာကြီး ကျေးရွာအနီးရှိ ခဝါရေလှောင်တမံကို တွေ့ရစဉ်။

(သတင်းစဉ်)



သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ပြာသာဒ်စောင်းတန်း အုတ်မြစ်စီမင်္ဂလာအခမ်းအနားကျင်းပ

ဟိုပုံး ဇွန် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး အရှေ့ဘက်မုခ်ဦး ပြာသာဒ်စောင်းတန်းတည်ဆောက်ခြင်း အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၁၃၃၆ ခုနှစ် နယုန်လပြည့်နေ့ နံနက် ၈ နာရီခွဲက မွေတော်ဘုရားကြီး အရှေ့ဘက်အာရုံခံတန်ဆောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက်ဆရာတော်ကြီးနှင့် သံဃာတော်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာအလှူရှင်များ တက်ရောက်၍ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များကို သတ်မှတ်ထားသောနေရာတွင်အုတ်မြစ် စီကြသည်။

သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး အရှေ့ဘက်မုခ်ဦး ပြာသာဒ်စောင်းတန်း တည်ဆောက်ခြင်းအတွက် အလှူရှင် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်မှ ဦးလှဘော်နှင့် ဒေါ်ခင်မေမိသားစုတို့က ငွေကျပ်သိန်း၅၀ကိုမတည်လှူဒါန်းပြီး အများပြည်သူ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်မည်ဖြစ်ရာ ငွေကျပ်သိန်း၈၀ ကုန်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ ၃၁ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့်အဖွဲ့ ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ကိုသွားရောက်စစ်ဆေးရာကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမြင့်ဇော်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

စုပေါင်းသန့်ရှင်းရေး သုံးခွ၌ ဆောင်ရွက်

သုံးခွ ဇွန် ၂၀

သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့တွင်းရေစီးရေလာ ကောင်းမွန်ရေး ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို စနေနေ့တိုင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာ သုံးခွမြို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းရုံးရှေ့နှင့် မြို့နယ်ပြည်သူ့ဆေးရုံရှေ့ဘေးတို့တွင် ဇွန် ၁၉ရက်က ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ချုံမြက်ပင်များခုတ် ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ သုံးခွမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာတင်နွယ်ကြည်တို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၃၇)**

စဥ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ အမှုဆောင်အရာရှိဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးမောင်မောင်နိုင်မင်းတို့ကြီးကြပ်မှုဖြင့် မေ ၂၉ရက်က စဥ့်ကူးမြို့ မြို့နယ်ခန်းမဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ ပေါင်းသင်မြေဆွခြင်းနှင့် မြေသြဇာထည့်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးစိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပွဲကျင်းပ

တောင်ကြီး ဇွန် ၁၂

တောင်ကြီးမြို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် တောင်ကြီးခရိုင် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၆ရက်က ကျင်းပရာ ပျိုးပင်ပေါင်း ၃၆၀၀၀ကို စိုက်ပျိုးပေးပြီးနောက် ခရိုင်သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်က လေကာပင်နှင့် ထင်းစိုက်ခင်းများကို ကျေးရွာအလိုက် ထိန်းသိမ်းစောင့်ရှောက်ရန်ပြောကြားသည်။

ထို့နောက် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ တောင်ကြီးခရိုင်အတွင်း မြို့နယ် ၁၀မြို့နယ်တွင် အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကင်းတားဆည်၊ ဇော်ဂျီဆည်၊ ပေါင်းလောင်းဆည် ရေဝေရေလဲများတွင် သစ်တောထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေး၊ မြို့ရွာပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လှပရေးအတွက် သစ်ပင်ပျိုးပင်ပေါင်း ၁၃၅ သိန်းကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မေ ၂၈ ရက်က အင်္ဂပူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများအား ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသစ်လွင် ပေးအပ်စဉ်။ (၁၃၁)

တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေးပွဲ ပျဉ်းမနား၌ကျင်းပ

ပျဉ်းမနား ဇွန် ၂၄

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၂ရက် နံနက် ၉နာရီက ပျဉ်းမနားမြို့နယ်စာပေနှင့် စာနယ်ဇင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ်ဦးထိန်လင်းဦး(လွှမ်းသခ်)က ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင် (မာန်သွေးသစ်မင်း)က အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေး၏ အတွေ့အကြုံများကို ဦးတင်ဝင်း(တင်ဝင်းခိုင်)က ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပျဉ်းမနားမြို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောင်းဆရာ ဆရာမ ၂၀၀တို့ကို ထေရဝါဒဗုဒ္ဓသာသနာ အဆုံးအမ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေး သင်တန်းအောင်မြင်စွာ ကျင်းပနိုင်မှုကို ဦးထွန်းကျော်မင်း(ထွန်းကျော်မင်း)က တင်ပြကြောင်း သိရသည်။ **(၁၀၁)**

ဇွန် ၃ ရက်က သံဖြူဇရပ်မြို့နယ် မြို့တွင်း လမ်းမကြီးလမ်းဘေးဝဲယာနှင့် လမ်းမပေါ်တွင် အမှိုက်များ ကင်းစင်စေရန် ယာဉ်စက်များဖြင့် မြို့တွင်း၌ ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

နောင်ချိုမြို့ သဇင်လမ်းကတ္တရာခင်းရန် ကျောက်စုဆောင်းမှု ပြည်နယ်စည်ပင်သာယာညွှန်မှူးကြည့်ရှုစစ်ဆေး

နောင်ချို ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်သည် ဇွန် ၁၃ရက် နံနက်က နောင်ချိုမြို့နယ်သို့ ရောက်ရှိသည်။

ထို့နောက် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုနှင့် စည်ပင်တာဝန်ခံ အင်ဂျင်နီယာဦးစိုင်းဝင်းမောင်တို့က နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခင်းကျင်းမည့် တောင်ရပ်ကွက်မြို့တွင်း သဇင်လမ်းကို ကတ္တရာခင်းရန် လုပ်ငန်းသုံးကျောက်များ စုဆောင်းမှုနှင့် လမ်း၏ အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)** **(၂၄၂)**

ဇွန် ၆ ရက်က မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဘူတာဝန်ထမ်း ကွက်သစ်ရပ်ကွက်ပြည်သူများနှင့်အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဘူတာရပ်ကွက် နန္ဒကျော်သူလမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းနှင့်ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအောင်ချင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ဇွန် ၇ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဦးဆယ်မောင်၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ခင်မာမာဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အတူ ပျိုးဥယျာဉ်အတွင်း ဒေသနှင့်ကိုက်ညီ၍ ရာသီအလိုက်ပွင့်သော ပန်းအလှပင်များ၊ ပျိုးပင်များ ပျိုးထုပ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်စိုက်ပျိုး

ကာမိုင်း ဇွန် ၁

ကချင်ပြည်နယ်ကာမိုင်းမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံချက် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မေ ၂၃ရက်က အမှုဆောင်အရာရှိ ဦးအင်ခွန်တူးနှင့် ဝန်ထမ်းများက မြို့အဝင်တံခါးပန်းခြံအတွင်း မြေယာရှင်းပြုပြင်ခြင်းနှင့် ပန်းအလှပင်စိုက်ပျိုးခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၁၆)**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထဝ/၁၁၆၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ထားဝယ်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး (ထားဝယ်)။**

ရောင်း/လဲ ပါဂျဲရိုးကား၊ တာမွေကွန်ဒို၊ ရန်ကင်းတိုက်ခန်း၊ ချောင်းသာ တည်းခိုခန်း၊ ရွှေပေါက်ကံတစ်ထပ်ခွဲတိုက်၊ ရေ၊ မီးစုံပါ။ **ဖုန်း-၅၅၇၃၃၂။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးကျော်ခင် ၁၂/ဥကတ (နိုင်) ၀၅၂၉၀၇၊ ဒေါ်အေးသိန်း ၁၂/ဥကတ (နိုင်) ၀၅၃၀၅၄ တို့၏ သား မောင်ဝင်းမြင့် ၁၂/ ဥကတ(နိုင်)၀၅၂၈၈၃ သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ခင်-ဒေါ်အေးသိန်း။

အိမ်ခန်းငှားမည်

ကျိုက္ကဆံလမ်းမကြီးပေါ်ရှိ၊ သတိပဋ္ဌာန်လမ်းနှင့်နီး ၁၂ ပေခွဲ X ပေ ၈၀၊ မြေညီထပ်၊ AU ကြွေပြားကပ်+ခင်း၊ (ဈေး+ကျောင်း+ကားမှတ်တိုင်အနီး) အိမ်ခန်းငှားမည်။ ဆိုင်ဖွင့်ရန် သင့်လျော်သည်။

ဖုန်း-၇၂၇၁၀၁၊ ၅၅၇၀၈၇

အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသားများအတွက်

Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဗ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လဆန်းမှ စတင်၍ ဖြန့်ချိထုတ်ဝေပါမည်။

ယခင်နှစ်များနည်းတူ ဇူလိုင်လမှ ဇန်နဝါရီလအထိ(၇)လတာ ကာလအတွင်း အလယ်တန်း (ခုနစ်၊ ရှစ်တန်း) အတွက် တစ်စောင်၊ အထက်တန်း(ကိုးတန်းနှင့် ဆယ်တန်း)အတွက် တစ်စောင် တစ်လလျှင်တစ်ကြိမ်နှုန်းဖြင့် ပုံမှန်ထုတ်ဝေပါမည်။ စောင်ရေအကန့်အသတ်ဖြင့် ရိုက်နှိပ်ဖြန့်ချိမည်ဖြစ်ပါ၍ တစ်စောင်လျှင် သက်သာသောဈေး ကျပ် ၅၀ (၆)ကြိမ်စာနှုန်းဖြင့် နယူးလိုက်အော့ဗ်မြန်မာ သတင်းစာတိုက်၊ မြို့သိုက်ရှေ့ အမှတ် ၂၂/၃၀ ကမ်းနားလမ်း ရန်ကုန်မြို့ ဖုန်း ၂၉၇၀၉၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူမယဉ်ယဉ်မြင့် ၂/လကန(နိုင်)၀၁၃၅၂၁ သည် ခင်ပွန်းဖြစ်သူ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် ၎င်း၏သဘောဆန္ဒအလျောက် (အိမ်တွင်းပစ္စည်းများကို ယူဆောင်၍) ၂၃-၆-၂၀၀၄ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကျွန်တော်နှင့် လုံးဝသက်ဆိုင် ပတ်သက်မှု မရှိတော့ပါ။

လှသန်း ၂/လကန(နိုင်)၀၁၃၅၂၀
၂၁(က) မင်းစုရပ်၊ လွိုင်ကော်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၈၂၆၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးမြသွင်နှင့် ဒေါ်ခင်ခင်ရွှေတို့၏သမီး မဝေသွင်ချို ၁၂/သဃက(နိုင်)၀၀၁၁၁၄ သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိမိဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝ အရှုပ်အရှင်းများကို မိဘများအနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးမြသွင်-ဒေါ်ခင်ခင်ရွှေ

ပဲခူးတိုင်း စည်ပင်သာယာညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စည်ပင်သာယာရေး ခန်းမဝင်းအတွင်းရှိ ပျိုးဥယျာဉ်အား မေ ၂၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းက ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၈-၆-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရှန်ပူ၏ အရည်အသွေးမြှင့်တင်ထုတ်လုပ်မှုအကြောင်း)
၁၁:၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (နှလုံးနှိုးစက်-သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်း-မြန်မာစာ)

ညနေပိုင်း

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံသာ

မြို့တွင်းလမ်းပြုပြင်

ဖန်းမော် ဇွန် ၁၅

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်မှုကို ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင်တို့က သီရိလမ်း လမ်းပြုပြင်ခြင်းကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

တပ်ကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် ကျားသေအိုင် ကျေးရွာဆက်သွယ်သည့် အရှည်ပေ ၃၀၀၀၊ အကျယ်ပေ ၂၀ရှိ ကျေးလက်မြေသားလမ်း မြေဖို့ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းကို ဇွန် ၃ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၂၆၆)

မိတ္ထီလာ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဆောင်ရွက်

မိတ္ထီလာ ဇွန် ၁၅

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၄ခုနှစ်မှ စတင်တိုးချဲ့ဆောင်ရွက်ရာ ၂၀၀၆ခုနှစ်တွင် ကတ္တရာလမ်းမကြီးအဖြစ် ပြီးစီးမည်ဖြစ်သည်။ မိတ္ထီလာမှ သာစည်မြို့နယ် ယင်းမာပင်ရွာအထိ ၃၆မိုင်လမ်းမကြီးကို မိတ္ထီလာခရိုင်ဆောက်လုပ်ရေးဌာနမှ ခရိုင်အင်ဂျင်နီယာမှူး ဦးဆောင်မှုဖြင့် သာစည်မြို့နယ်ဆောက်လုပ်ရေး မြို့နယ်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

သာစည်မြို့နယ် ဆောက်လုပ်ရေးအင်ဂျင်နီယာနှင့်အဖွဲ့မှ မိတ္ထီလာမြို့နယ် မိုင်တိုင်အမှတ် ၀/၀မှ သာစည်မြို့နယ် ယင်းမာပင် မိုင်တိုင်အမှတ် ၃၆/၀ အထိ လမ်းပခုံးအကျယ် ပေ ၄၀အထိ ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

မိတ္ထီလာ၊ သာစည်မြို့နယ်အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးဆောင်ရွက်ရာ ယခုအခါ ရာခိုင်နှုန်း ၈၀ပြီးစီးပြီဖြစ်သည်။ မိတ္ထီလာ သာစည်မြို့နယ်ရှိ မိတ္ထီလာ-တာချီလိတ် လမ်းမကြီးကို ယခု ၁၂ပေ ကတ္တရာလမ်းမှ ၁၈ပေ ကတ္တရာလမ်းမကြီးအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။ **(၄၁၄)**



ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးစီအိပ်ချ်တာလူးဒါး နိုင်ငံသား စိစစ်ရေးကတ် ၁၂/လမန(နိုင်) ၁၁၈၇၈၅ ကိုင်ဆောင်သူအား ဦးကျော်အောင်(ခ)ဦးဘကြူးဟု ဖြည့်စွက်ခေါ်ဆိုပါရန်။ **ဦးကျော်အောင်(ခ)ဦးဘကြူး။**



မွေးသက္ကရာဇ်အမှန်

တာချီလိတ်မြို့ ဝမ်ကောင်ရပ်ကွက် အမှတ် ၇/၁၀၀၃ နေထိုင်သူ ကျွန်တော် စိုင်းလုံမွန်း၁၃/ကတန (နိုင်) ၀၂၁၆၃၄၏ သမီး မနန်းဝိုးကျန်၏ မွေးနေ့သက္ကရာဇ် အမှန်မှာ ၉-၁၂-၁၉၉၁ ဖြစ်ပါသည်။

အမည်ပြောင်း

အဖဦးတင်လှိုင်၏ သမီး အထက(၁)မြောက်ဥက္ကလာ ဒသမတန်း(E)မှ မထူးထူးဝင်းအား မထူးထူးလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မထူးထူးလင်း။**

အမည်ပြောင်း

ဦးခင်မောင်အုန်း၏ သမီး အထက(၁)ဒဂုံ အဋ္ဌမတန်း(D)မှ မဒေါနှင်းနုအား မနှင်းနုနုလွင် ဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းနုနုလွင်။**

အမည်ပြောင်း

ဦးအောင်မြတ်စော၏ သမီး အထက(၂) ဒဂုံအဋ္ဌမတန်း (E)မှ မယဉ်ယဉ်မေနှင်းအား မမေနှင်းသူ ဟု ပြောင်းလဲခေါ်ပါရန်။ **မမေနှင်းသူ။**

အမည်ပြောင်း

အဖ ဦးဘိုဘိုသိန်း၏ သား T.T.C (ကမာရွတ်) IV(A)မှ မောင်မိုးထွဋ်သိန်းအား မောင်မိုးကျော်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မိုးကျော်သူ။**

အမည်ဖြည့်စွက်ခြင်း

အဖဦးဘိုဘိုသိန်း၏သား T.T.C (ကမာရွတ်) VIII(A)မှ မောင်နေထွန်းသိန်းအား မောင်နေထွန်းသိန်း (ခ) မောင်နေရဲအောင် ဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်နေထွန်းသိန်း(ခ)မောင်နေရဲအောင်။**

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင် ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

- FMI ပေ ၄၀ x ပေ ၆၀ လုံးချင်း နှစ်ထပ် နေရာကောင်း၊ ရေ၊ မီးစုံ
- နဝဒေး ပေ ၅၀xပေ ၅၀ လုံးချင်း နှစ်ထပ် အဆင့်မြင့်ပြင်ဆင်ပြီး

ဆက်သွယ်ရန် ဖုန်း-၀၉ ၅၀ ၀၂၅၁၅၊ ၇၀၁၅၃၈

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၄၁/၁၄၃ နေ (ဘ) ဦးအေးမောင်(ခ)ဦးဘိုထိန်၏သား ကျွန်တော် ဒီဝါကရ်(ခ) မောင်ဟန်ထွန်းအောင် ၁၂/မဂတ(နိုင်)၀၇၈၇၂၂ နှင့် မဂီသာဒေဝီ(ခ)မကေသီကျော် ၁၀/မလမ(နိုင်) ၁၄၁၆၆၄ (ဘ-ဦးကျော်မြင့်)တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိကြပါသဖြင့် ၇-၆-၂၀၀၄ရက်က နှစ်ဖက်မိဘများနှင့် သက်သေ များရှေ့ စာချုပ်ချုပ်ဆိုကာ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲပြီးဖြစ်ပါကြောင်း။

မောင်ဟန်ထွန်းအောင် ၁၂/မဂတ(နိုင်)၀၇၈၇၂၂။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

ပြည်တွင်းကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

၁။ Engineer (Marketing & Manager)
B.E (Mech/ E.P) ကျား (၂)ဦး
(အသက် ၂၅နှစ်အထက်၊ လုပ်သက်(၃)နှစ်ရှိသူ)

၂။ Engineer (Marketing)
A.G.T.I (M.P) or (E.P),B. Tech; (Mechanical)
I.T.C လက်မှတ်ရရှိပြီးသူ ကျား/မ (၆)ဦး
ရန်ကုန် (သို့မဟုတ်) မန္တလေးမြို့တို့တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(အသက် ၂၅ နှစ်အထက်၊ လုပ်သက် (၃)နှစ်ရှိပြီး နယ်ထွက်နိုင်သူ)

၃။ Driver ကျား (၁) ဦး
အသက် (၃၀) နှစ်အထက် ဖြစ်ရမည်။
ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၅)နှစ်ရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။

လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ မျှော်မှန်းလစာ၊ အရည်အချင်း၊ အတွေ့အကြုံ၊ အထောက်အထားများ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းချုပ်နှင့်အတူ ကြော်ငြာသည့်နေ့မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်-အမှတ် ၁၃၀၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၂၄၅၈၁၉၊ ၇၂၃၆၅၃

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးရီ ၆/သရခ(နိုင်) ၀၂၆၆၂၃ ကိုင်ဆောင်သော ပဲ့နင်းမှူးလက်မှတ် မ/၀၈/၉၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၂၂၂၂၁၉ ထားဝယ်အသင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ထ/၇၄၁၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။



ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေမေခင်

အသက်(၇၅)နှစ်

အငြိမ်းစားသံအမတ်ကြီး မဟာသရေစည်သူ(ဦးဖေခင်-ပင်လုံဖေခင်) (နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ဖေခင်(ခ) Mr. Mazhar (G.M.-Mi Casa Hotel Apartments) နှင့် ဦးအေးဖေခင်(ခ) Mr. Zafar တို့၏ မိခင်ကြီး ဒေါ်မေမေခင်ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Phoenix Beauty Centre-Mi Casa Hotel Apartments

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေမေခင်

အသက်(၇၅)နှစ်

အငြိမ်းစားသံအမတ်ကြီး မဟာသရေစည်သူ(ဦးဖေခင်-ပင်လုံဖေခင်) (နိုင်ငံ့ဂုဏ်ရည် ပထမဆင့်)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်ဖေခင်(ခ) Mr. Mazhar (G.M.-Mi Casa Hotel Apartments) နှင့် ဦးအေးဖေခင်(ခ) Mr. Zafar တို့၏ မိခင်ကြီး ဒေါ်မေမေခင်ကွယ်လွန် သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မီကာဆာဟိုတယ်မိသားစု။

ဒေါ်အုန်းရွှေ (တောင်ငူ)
အသက်(၉၂)နှစ်

တောင်ငူမြို့၊ ရှမ်းတန်းရပ်၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၇/၁၄၄ နေ (စိန်ရွှေရတနာကုန်သည် ဦးစိန်)၏ဇနီး၊ ဒေါက်တာကျော်ညွှန့်စိန်–ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်–ဒေါ်ခင်မာအေးတို့၏မိခင်၊ (ဒေါ်သန်းစိန်)၊ (ဒေါ်မြစိန်)၊ ဒေါ်ယဉ်မေ၊ ဒေါ်ခင်ခင်၊ ဒေါ်ထေရစာရီ၊ ဦးသောင်းလွင်–ဒေါ်ခင်ဆွေမြင့်တို့၏အစ်မ၊ မောင်ကျော်ဇေ၊ မောင်ပြည့်ဟိန်း၊ မောင်သိန်းအုပ်၊ မဝေမာလွင်၊ မအေးမာလွင်၊ မသန္တာသွေးတို့၏အဘွားသည် ၂၇–၆–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နော်ရှသ်စော
(လက်ထောက်မန်နေဂျာ၊ ငွေစာရင်း)
မြန်မာ့အလင်းသတင်းစာတိုက်
အသက်(၅၁)နှစ်

အိမ်အမှတ် ၂၂၀၊ ၃၈ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ ဦးစောအေးမောင်–ဒေါ်နော်ဖဲတို့၏သမီးကြီး၊ (ဦးဖိုးမြင့်–ဒေါ်အားမြ)တို့၏ သမီးချွေးမ၊ စောဂျိုးဇက်(M.O.G.E)–ဒေါ်စနီး၊ စောအယ်ဒီ(ပြည်တွင်းအခွန်)–နော်မိုရင်းတို့၏ညီမ၊ စောဒီထူး(ခေတ္တ–Israel)၊ စောဒီစေး(ခေတ္တ–မလေးရှား)–နော်လယ်ဖော၊ ဆရာမ ဘဲစီစော(စခန်းသာ)၊ နော်လေးလေးဖော(မစဘ၊ရန်ကုန်တိုင်းရုံး)၊ နော်မာမာအေး(C.M.A)–ဦးယဉ်သွေး၊ စောကပေါ်ထူး(ခေတ္တ–Australia)–နော်ဘလယ်ဒါးတို့၏အစ်မ၊ ဦးစောစဲနေထူး၏ ချစ်လှစွာသော ဇနီး၊ နော်အယ်ထူးနေမူး (အထက၊ တပ်ကြီးကုန်း)၏ ချစ်လှစွာသောမိခင် ဒေါ်နော်ရှသ်စော(လက်ထောက်မန်နေဂျာ၊ ငွေစာရင်း)သည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီးဖြစ်ပါ၍ ၂၈–၆–၂၀၀၄ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၆၆၇၊ ယေရှုရှုလင် အသင်းခြံ၊ တပ်ကြီးကုန်း၊ မှော်ဘီမြို့နယ်နေအိမ်၌ဝတ်ပြုဆုတောင်းပြီး စာဖြူစု ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တိုးကြည်
(မြောက်ဥက္ကလာပ)
အသက်(၇၀)

ဧရာဝတီတိုင်း၊မအူပင်မြို့၊ ရွှေတောင်မော်ကျေးရွာနေ (ဦးစံအောင်–ဒေါ်ငွေတင်)တို့၏သမီး၊ ဦးလှရှိန်–ဒေါ်ရီထွေးတို့၏ညီမ၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဒ္ဒနာ ၁၀ လမ်း၊ အမှတ် ၉၃ နေ (ဦးထွန်းဟံ)၏ဇနီး၊ ကိုကျော်စိုး–မကြည်ကြည်ခင်၊ ကိုမြတ်လှဦး – မမြင့်မြင့်ခင် (မ/၄၊ မြောက်ဥက္ကလာပ)၊ ကိုမြင်နိုင်–မစန်းစန်းအေးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမိုးကျော်
အသက်(၄၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၂၊ အခန်း ၄၀၃ နေ (ဦးအုံးတင်)–ဒေါ်လှကြည်တို့၏သား၊ ဦးဇော်ညွှန့်ဦး၏ညီ၊ ဦးကျော်ကျော်၊ ဦးကျော်ဇေယျ–ဒေါ်လှလှမိုး (P.P.E)၊ မစိုးစိုးမျိုး၊ မသူဇာအိအိသိမ့်တို့၏အစ်ကိုသည် ၂၇–၆–၂၀၀၄ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

OD Tour
July 16, 29
Flight & Coach
OD Style

Y.E.S.
Basic Spoken English : JUNE-26,JULY-12,19,24,26
Pre-Intermediate English : JUNE-26, JULY-19,26
SAT (I), Intermediate English : JULY-6, 19
Academic Writing, Basic Writing : JULY-17,19
Grammar Foundation Course : JUNE 28
SAT (II) / AE, IELTS, TOEFL, VEC : JULY - 19
No.119, YMCA Building, Bogalayzay Street, Botataung TSP.
245821

MARKETING your future
MBA, MBA (Marketing), MSc (Marketing), MA (Marketing Management),
CIM Certificate → CIM Adv. Certificate → CIM Post Grad
(Exemption)
Overseas Centre Student Visa
Advanced Certificate MBA, MSc, MA
Post Grad MBA, MSc, MA Credit Transfer 70 to 120 Points
CIM UK Marketing Diploma BBA
MHR, 905, 9th Fl, Modern Iron Market (Condo), Lanmadaw St., Tel: 707822

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်ညွန့်
(အေဝမ်းတာယာရောင်းဝယ်ရေး)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ၁၇၈(ခြောက်လွှာ)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကျင်စိန်–ဒေါ်အေးရင်)တို့၏သား၊ (ဦးငွေလှိုင်–ဒေါ်ထွေးညွန့်)တို့၏သားသမက်၊ ဒေါ်စန်းမေ၏ခင်ပွန်း၊ ဒေါ်သန်းသန်းလွင်–ဒေါ်အေးသိန်း (မြန်မာ့မီးရထား)၊ ဦးဝင်းချို–ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်လှလှဝင်း–(ဦးမြင့်စိန်)၊ ဦးရဲထွန်း၊ ဦးရဲကိုကို–ဒေါ်ချိုချိုမြင့်ဇော်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၇–၆–၂၀၀၄ရက် နံနက် ၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကားများ(အေဝမ်းတာယာဆိုင်)ကျောက်မြောင်းမီးသတ်ရှေ့မှ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးမွန်ကျော်
(ချောက်မြို့နယ်၊ ပြန်/ဆက်ဦးစီးဌာန)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ တိုက် ၂၊ အခန်း ၈၊ အမျိုးသားပြန်လည်သန့်စွမ်းရေးအိမ်ရာဝင်းနေ (ဦးကျော်ရင်–ဒေါ်ဖွားကြွယ်)တို့၏သား၊ ဦးစိုးမြင့်၊ (ဦးစိုးတင့်)တို့၏ညီ၊ ဒေါ်ခင်သီသီ၊ ဦးအောင်မြင့်သိန်း၊ ဦးခင်မောင်မြင့်တို့၏အစ်ကို၊ ဒေါ်သန်းရီ၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှေ(အထက်တန်းသူနာပြု၊ အမျိုးသားပြန်လည်သန့်စွမ်းရေးဆေးရုံ)၏ခင်ပွန်းဖြစ်သူ ဦးမွန်ကျော်(ဓာတ်ပုံကျွမ်းကျင်)၊ ပြန်/ဆက်ဦးစီးဌာန၊ ပန်းဆိုးတန်းသည် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မိမိမာ (Minnie)
အသက်(၆၂)နှစ်

အမှတ် ၉/ခ၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [သီရိပျံချီ ဦးအုန်းညွန့် (အငြိမ်းစား၊ ရန်ကုန်မြို့တော် အင်ဂျင်နီယာ)–ဒေါ်မိမိကလေး]တို့၏သမီးကြီး၊ [ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)]၏ ဇနီး၊ ဦးကျော်စိန် (ဒုတိယညွှန်ကြားရေးမှူး၊ DMIP စက်မှု–၂)–ဒေါ်ဝင်းမာအေး (ဌာနခွဲမှူး၊ DMIP)၊ ဒေါ်မိမိညွန့်–ဦးသက်လွင်[အင်ဂျင်နီယာမှူးကြီး၊ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၊ ဒေါ်ရင်ရင်ညွန့်(လက်ထောက်ညွှန်ကြားရေးမှူး၊ MTEI)၊ဒေါ်ခင်ခင်စု(စာရင်းကိုင်–၁၊ MTRI)၊ဦးတင်စိုး၊ဦးတင်မိုး(Eastwind Shipmanagement)–ဒေါ်ဥမ္မာအေး(အလက–၇၊မန္တလေး)တို့၏အစ်မကြီး၊ ဒေါ်သဇင်လွင်–ဦးသီဟန်၊ ဒေါ်စုစုစံ–ဦးစောလွင်ငယ်၊ မမေမီဇင်၊ မောင်ဥက္ကာတင်မိုး(ပဥ္စမတန်း၊ မန္တလေး)၊ မောင်သီဝင်းဇင် (တတိယတန်း–E°၊ TTC) တို့၏ ကြီးကြီးသည် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်၊ညီမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးရှိန်မြင့်
(ကုန်ဝန်ထောက်)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ဇလွန်မြို့နယ်၊လယ်ဦးကျေးရွာနေ(ဦးအေးမောင်–ဒေါ်အေးစိန်)တို့၏သား၊ ဦးကျော်တင်အေး၏ညီ၊ ဦးအောင်မြင်၊ ဦးတင်လင်းနွယ်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်)–ဒေါ်သိန်းစိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၈၃(က)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်နေ ဒေါ်သန်းသန်းအေး၏ ခင်ပွန်း၊ ဦးဆန်းထွန်း–ဒေါ်ဝေလွင်မြိုင် (ပြည်တွင်းအခွန်များဦးစီးဌာန)၊ဗိုလ်ကြီးနိုင်ဦး (တပ်မတော် ဆေးတက္ကသိုလ်)–ဒေါ်နီလာအေး (နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဦးအောင်မျိုး–ဒေါ်ခင်သူဇာတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးငွေသိန်း (စေတနာကားဂိတ်)
B.Sc (Phys)
မော်လမြိုင် (78/79)
(မန္တလေး၊မဒေါက်၊သူရဲသမိန်)
အသက်(၅၀)

ရန်ကုန်မြို့၊ အမှတ် ၂၃၊ အလုံလမ်း၊ ဆင်မင်းရပ်ကွက်နေ ဦးရဲညွန့်၊ (ဦးအင်းဟန်–ဒေါ်အန်းခေါ့)တို့၏သား၊ ဦးဝင်း–ဒေါ်စိန်၊ ဦးတင်ဟန်–ဒေါ်ကြည်၊ (ဦးရွှေလှိုင်)–ဒေါ်တင်ရွှေ၊ မဒေါက်မြို့နေ (ဦးစံသိန်း)–ဒေါ်ခင်ထွေး၊ ဦးမြမောင်–ဒေါ်တင်အုံးတို့၏တူ၊ ဦးငွေသန်း–ဒေါ်သီတာ၊ ဒေါ်စန်း၊ ဦးစိုးစိုးသန်း–ဒေါ်ချို၊ ကိုရဲနိုင်–မစိုးယုနွယ်၊ မသင်းသင်းနိုင်၊ ကိုမင်းဇော်–မမြင့်မြင့်နိုင်၊မလွင်လွင်နိုင်၊ မစန်းစန်းနိုင်တို့၏အစ်ကို၊ မန္တလေးမြို့၊ အမှတ် သ ၁/၆၊ ကျွဲဆည်ကန်ရပ်နေ ဒေါ်နီနီအောင်၏ခင်ပွန်း၊ မောင်မျိုးသက်ဟန်[3rd M.B(MDY)]၊ မထက်ထက်ဝင်းပြုံးအိ(အမက–၂၃၊မူကြို)တို့၏ဖခင်သည် ၂၅–၆–၂၀၀၄ရက် ည ၇း၃၀ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံလမ်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းသောင်းတင်(ခ)
Helen Sein Maung
ထ/ပြ(ငြိမ်း)၊ထ(၂)သဃ်န်းကျွန်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ(ဦးစိန်မောင်–ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ ပခုက္ကူမြို့နေ (ဦးတင်ဦး–ဒေါ်ဒေါ်အိ)တို့၏ သမီးချွေးမ၊ ဒေါ်ခင်ထား–(ဦးတင်ငွေ)၊ ဒေါ်တင်ညွန့်တို့၏ညီမ၊ ဦးရဲတင့်–ဒေါ်ခင်ကြူမာ၊ ဒေါ်ကြည်ကြည်ဝေ၊ ဒေါ်ညွန့်ညွန့်ထွေးတို့၏အစ်မကြီး၊ သဃ်န်းကျွန်းမြို့နယ်၊စ/သုမင်္ဂလာရပ်ကွက်၊သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၆၊ အခန်း ၀၀၁နေ (ဦးရဲမြင့်၊ စား/ဖျော်)၏ဇနီး၊ ဟင်နရီထိန်လင်း–ဒေါ်မစုမြတ်ထွေး(MMB-ရုံးချုပ်)၊ မိုက်ကယ်မိုးအောင်–မဇွန်သူသူအောင်၊ (ကိုဖြိုးဟန်)–မအင်ကြင်းခိုင်၊ ကိုဇော်လင်း(MD, Youth Computer) – မအိအိဖြိုး (Youth Computer)တို့၏မိခင်သည် ၂၇–၆–၂၀၀၄ရက် နံနက် ၂း၂၀ နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉–၆–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေတွင်း၊ရေကန်ဒါယကာကြီး
ဦးဘိုးထူး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ အမှတ် ၂၊ သုဓမ္မာလမ်းနေ (ဒေါ်မြရှိန်)၏ခင်ပွန်း၊ ဦးလှထွန်း–ဒေါ်ကြင်နွယ်(လင်းရောင်ခြည် မုန့်ဟင်းခါးဖို)၊ ဒေါ်ကြင်မြင့်၊ ဦးကြင်မိုး–(ဒေါ်ရင်မြင့်)၊ ဦးဝင်းဇော်–ဒေါ်ငွေကြင်(ဝင်းမုန့်နှင့်ကုန်မျိုးစုံ)၊ဦးကျော်ဝင်း–ဒေါ်အေးကြင်(ထ–၃၊မ/ဥက္ကလာ)၊ ဦးကြင်ဟိုး–ဒေါ်ဖြူဖြူစိန်၊ ဦးကျော်ဇင်–ဒေါ်စိန်စိန်မော်၊ ဦးအောင်ဆန်းဦး–ဒေါ်အေးအေးမော်၊ ဦးမျိုးအောင်–ဒေါ်မြင့်မြင့်ဝင်း(အောင် အထည်ချုပ်)တို့၏ဖခင်၊ မြေး ၂၉ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုးသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်သောင်းသောင်းတင်(ခ)
Helen Sein Maung
ထ/ပြ(ငြိမ်း)၊ထ(၂)သဃ်န်းကျွန်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ(ဦးစိန်မောင်–ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ ပခုက္ကူမြို့နေ (ဦးတင်ဦး–ဒေါ်ဒေါ်အိ)တို့၏ သမီးချွေးမ၊ ဒေါက်တာဒေါ်မြင့်မြင့်စိန် (စစ်ကိုင်းတိုင်း၊ကျန်းမာ)–ဦးကြင်၊ ဒေါ်မူမူစိန်–ဦးသန့်ဇင်၊ ဒေါ်ဝင်းဝင်းမေ–ဦးထွန်းဝေ၊ ဒေါ်အိအိခင်(မြန်မာ့လေကြောင်း)–(ဦးမောင်မောင်လေး)၊ ဦးရှုမောင် (Ex. R/O, Myanmar Jardine Schindl Ltd.)–ဒေါ်နုနုကြည်တို့၏အစ်မကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စ/သုမင်္ဂလာရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ တိုက် ၂၆/၆၊ အခန်း ၀၀၁ နေ (ဦးရဲမြင့်၊ စား/ဖျော်)၏ဇနီး၊ ဟင်နရီထိန်လင်း – မစုမြတ်ထွေး (MMB၊ ရုံးချုပ်)၊ မိုက်ကယ်မိုးအောင်–မဇွန်သူသူအောင်၊ (ကိုဖြိုးဟန်)–မအင်ကြင်းခိုင်၊ ကိုဇော်လင်း (MD, Youth Computer) – မအိအိဖြိုး (Youth Computer)တို့၏ မိခင်သည် ၂၇–၆–၂၀၀၄ရက် နံနက် ၂း၂၀ နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ညို (ဝါ)
အသက်(၅၆)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နေ (ဦးချစ်သန်း–ဒေါ်ငွေသင်)၊ ဦးဘို–(ဒေါ်တင်ကြည်) တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးကြီးညွန့်(ငြိမ်း)–(ဒေါ်အမာတင်)၊ သနပ်ပင်မြို့နေ (ဦးလှအောင်)–ဒေါ်အုံးကြည်တို့၏ညီမ၊ပဲခူးမြို့နေဦးတင်ပု–ဒေါ်စန်း၊ ဝေါမြို့နေ ဒေါ်မြင့်တို့၏အစ်မ၊ ဝေါမြို့နေ (ဦးရွှေကြီး)–ဒေါ်ဝင်းကျင်၊ (ဦးညွန့်မောင်)–ဒေါ်ယဉ်မေတို့၏တူမ၊ ပြည်မြို့နေ ဦးသိန်းငွေ – ဒေါ်ဝင်းမြင့်သန်း၊ ရန်ကုန်မြို့နေ တပ်ကြပ်အောင်မြင့်–ဒေါ်လှလှ၊ ဝေါမြို့နေ ဦးဝင်းမောင်–ဒေါ်ကြွယ်ကြွယ်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်သန်းငွေ(ကာကွယ်ရေးဝန်ကြီးဌာန)–ဒေါ်မြမြ၊ ဝေါမြို့နေ ဦးသိန်းထွန်း–ဒေါ်သီသီဝင်း၊ကိုလှိုင်ဦး–မမူမူဝင်း၊ ကိုမျိုးသန့် – မမြသီတာ၊ ကိုအောင်ဆန်းလင်း၊ ကိုရဲဝင်းထွဋ်–မမေနွယ်လှိုင်တို့၏အစ်မကြီး၊ ကိုလှဦး–မအေးအေးနိုင်၊ ကိုလှထူး–မအေးအေးသန့်၊ ကိုလှထွဋ်–မနွယ်နီဝင်း၊ (မောင်ဇော်မျိုးထွန်း)တို့၏မိခင်၊ မြေး လေး ယောက်တို့၏အဘွား၊ ဦးလှသောင်း၏ ဇနီးသည် ၂၅–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါဖြင့် ၃–၇–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဝေါမြို့ အေးချမ်းသာယာ(၁)လမ်း နေအိမ်မှ ကွင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလာဘိဝံသ (ပထမကျော်)
(အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ဧရာဝတီတိုင်း၊ညောင်တုန်းမြို့၊ရွှေဟင်္သာတောရကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယ စေတိယင်္ဂဏ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အစိုးရပထမကျော် ဘဒ္ဒန္တ ကုသလာဘိဝံသသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက် (၂၄–၆–၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၄း၄၂ နာရီတွင် ရွှေဟင်္သာတောရကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက် (၂၈–၆–၂၀၀၄ ရက်)တနင်္လာနေ့ မွန်းတည့် ၁၂ နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ရွှေဟင်္သာတောရကျောင်းတိုက်၊ညောင်တုန်းမြို့။

ဒေါ်မိမိမာ (Minnie)
အသက်(၆၂)နှစ်

အမှတ် ၉/ခ၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [သီရိပျံချီ ဦးအုန်းညွန့် (အငြိမ်းစား၊ တိုင်းအင်ဂျင်နီယာ၊ လမ်းလုပ်ငန်းဌာန) – ဒေါ်မိမိကလေး]တို့၏ သမီးကြီး၊ (အငြိမ်းစား ခရိုင်ရဲဝန် ဦးအောင်ထွန်း – ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဟောင်း၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဟောင်း၊ ပြည်သူ့တရားသူကြီးအဖွဲ့ဝင်(ငြိမ်း)]၏ဇနီး၊ ဒေါ်မာမာဝင်း၊ ဦးဇော်ဝင်း၊ ဒေါ်ခင်လှိုင်ဝင်း – ဦးထိပ်တင်လင်း၊ ဗိုလ်ကြီးဒေါ်စန်းစန်းဝင်း (ရောဂါဗေဒဌာန၊တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ)–ဦးဇော်သိန်း(2/0,East Wind)၊ ဒေါ်မိုးသီတာဝင်း – ဦးဆန်းထူးလွင်၊ ဒေါ်ခိုင်ထွေးဝင်းတို့၏မိခင်၊ မောင်သန့်စင်(ပထမတန်း–I°၊TTC)၊ မောင်ခန့်ကျော်ဆန်း၊ မောင်မင်းခန့်ဇော်တို့၏ အဘွားသည် ၂၇–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းစိန်
B.E (Mech) 1970
မြန်နိုင်မြင့်ကုမ္ပဏီလီမိတက်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၇၁ နေ (ဦးသိန်းမောင်–ဒေါ်အေးကြည်)တို့၏သားလတ်၊ မအူပင်မြို့နေ (ဦးကျော်လှ–ဒေါ်ကျင်သန်း)တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း (လ/ထညွှန်မှူး၊ မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း)၏ ခင်ပွန်း၊ ဒေါ်ထွားရီ(အထက–၁၊ လမ်းမတော်၊ ငြိမ်း)၊ ဒေါ်မြစန်း(အမှတ်–၃၊ သတ္တုတွင်းလုပ်ငန်း၊ ငြိမ်း)တို့၏မောင်၊ ဦးတင်မောင်လတ်(NHL)–ဒေါ်ခင်ခင်စိန်တို့၏အစ်ကို၊ မမေဇင်နွယ်(အလုပ်သင်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)၊ မစုလှိုင်သွယ်(နောက်ဆုံးနှစ်၊ အပိုင်း–ခ၊ ဆေးတက္ကသိုလ်–၁)တို့၏ဖခင်သည် ၂၆–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၆–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်စွာ(ခ)ခင်မောင်ချို
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၅၊ လှည်းတန်းလမ်းနေ ဦးကျော်သူ–ဒေါ်စန်းစန်းတို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၄)ရပ်ကွက်၊နဝရတ် ၅ လမ်း၊ အမှတ် ၁၁၆၉ နေ ဦးအောင်မြင့်–ဒေါ်အေးအေးခိုင်တို့၏သားသမက်၊ မခင်လှလှမိုး၏ခင်ပွန်း၊ မောင်အုပ်စိုးခန့်၏ဖခင်၊ ကိုအောင်နိုင်–မသင်းသင်းရီ၊ ကိုသန်းလှ – မမီမီကျော်၊ ဗိုလ်မှူးမောင်ကို–မမိုးမမကျော်၊ ကိုဇေလတ်–မစန္ဒာဝင်း၊ ကိုအောင်မင်း၊ (ကိုသောင်းဆက်)–မကေသွယ်ဝင်း၊ မောင်သန့်ဇင်တို့၏အစ်ကို/မောင်/ညီ၊ တူ တူမ ၁၃ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၂၇–၆–၂၀၀၄ရက် နံနက် ၄ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၊ လှည်းတန်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အရှင်ထေရဝံသ(ခ)
မောင်ဇော်မော်ဝင်း
(Final Year Bio-Tech)
သက်တော်(၃၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၅ လမ်း၊ အမှတ် ၃၂(ဘီ)နေ ဦးအောင်မော်ဦး (ဒါရိုက်တာ) – ဒေါ်စန်းစန်းရီတို့၏ သားလတ်၊ ဒေါ်သီတာမော်၊ ဦးကျော်အောင်မော်–ဒေါ်ယမင်းရွှေရည်၊ ဒေါ်နီလာမော်–ဦးသန့်ဇင်၊ ဦးဇော်ထွန်းမော်၊ ဒေါ်သူဇာမော်–ဦးထွန်းကျော်ဦး၊ ဦးဇော်မော်လင်းတို့၏ညီ/မောင်၊ မောင်ဇော်မော်အောင်–မယဉ်ယဉ်သိမ်း၊ မောင်ဇော်မော်ထွန်း၊ မစမ်းလွင်ဇာမော်ဦး၊ ဗိုလ်လောင်းဇော်ရဲမော်ဦးတို့၏ အစ်ကို၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၆–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၂–၇–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ငွေ
(ဘိုကလေးမြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ၂၅(F)၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်နေ (ဦးရောက်ဟုန်–ဒေါ်လှတင်)တို့၏သမီး၊ ဦးဖေတင် (ရွှေပုစွန် ကုမ္ပဏီ)၏ ဇနီး၊ ဦးကျော်ဝင်း (ငါး၊ ပုစွန်ဖမ်းပိုက်လုပ်ငန်း)– ဒေါ်ခင်ပြုံးရီ၊ ဒေါ်သန်းသန်းဝင်း(Asia World Co., Ltd.)၊ဒေါ်အေးအေးသန်း(အထက–၄၊မင်္ဂလာတောင်ညွန့်)၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်စန်းစန်းရီ(လ/ထ အထွေထွေမန်နေဂျာ၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်)၊ ဒေါ်ပိုပို(ရွှေပုစွန်ကုမ္ပဏီလီမိတက်)၊ ကိုတင်စိုး–မခင်မာမြင့် (အောက်တားဘုတ်ထုတ်လုပ်ငန်း၊ တောင်ဒဂုံ)၊ ကိုသာထွန်း–မသီတာမြင့်တို့၏မိခင်၊ ကိုဇင်ဘိုဘိုကျော်–မသန်းသန်းနွယ်၊ ဗိုလ်လောင်းကျော်လွင်(စစ်တက္ကသိုလ်)၊ မောင်စည်သူ၊ မတင်ထားမြင့်၊ မသဥ္ဇာဦးတို့၏အဘွားသည် ၂၆–၆–၂၀၀၄ရက် (စနေနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၆–၂၀၀၄ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်သိန်းထွန်း
အသက်(၄၈)နှစ်

မကွေးတိုင်း၊တောင်တွင်းကြီးမြို့နယ်၊ ရွာသစ်ရွာနေ (ဦးကျော်–ဒေါ်တင်ဝိုင်း)တို့၏သား၊ မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ခင်ကြီးရွာနေ ဦးခင်မောင်လေး–(ဒေါ်စိန်ခင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်နေ ဒေါ်မူမူစန်း၏ခင်ပွန်း၊ မောင်အောင်ကိုကိုထွန်း၊ မမိုးစန္ဒာထွန်း၊ မောင်နေညီညီထွန်း၊ မအိအိထွန်း(ခ)မဥမ္မာသိန်းထွန်းတို့၏ဖခင်သည် ၂၄–၆–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဇွန် ၂၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ကရင်တိုင်းရင်းသား မောင်စောမောက်ခွတ်ဒါအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ **(သတင်း-ရွှေဖုံး) (သတင်းစဉ်)**

ဇွန် ၂၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ်ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ရှမ်းတိုင်းရင်းသား စိုင်းအောင်သူရသိန်း (ခ) မောင်အောင်သူရသိန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ **(သတင်း-ရွှေဖုံး) (သတင်းစဉ်)**

ဇွန် ၂၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ်ထူးချွန်ဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား မောင်စိုးပိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ **(သတင်း-ရွှေဖုံး) (သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်နှင့်မန္တလေးတို့မှ ဘွဲ့ဒီပလိုမာရရှိသူ ၁၁၅ ဦးအားဂုဏ်ပြုလက်မှတ်ချီးမြှင့်

ရန်ကုန် ဇွန် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့်(မန္တလေး)တို့မှ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသားများအား ဘွဲ့ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကျောင်းသားမိဘများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ကျောင်းသားများ တက်ရောက်ကြသည်။

ဘွဲ့အပ်နှင်း

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးရင်က အမှာစကားပြောကြားကာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသား ၃၈ ဦးအားလည်းကောင်း၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်လွင်က ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသား ၃၄ ဦးအားလည်းကောင်း ဘွဲ့များ တစ်ဦးချင်းအပ်နှင်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြန်မာ့ကျောက်မျက်ဈေးကွက်တိုးချဲ့လိုက်သည့် ကျောက်စိမ်း၊ကျောက်မျက်အထူးရောင်းချပွဲ

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်သည့်အပြင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရတနာ အများအပြားထွက်ရှိသော နိုင်ငံလည်းဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်ကပင် ပြည်တန်သည့် ပတ္တမြားငမောက်ကဲ့သို့ တန်ဖိုးကြီးမားသော ကျောက်မျက်၊ ကျောက်ကောင်းများထွက်ရှိသကဲ့သို့ တန် ၃၀၀၀ကျော်ရှိသည့် ကျောက်စိမ်းတုံးကြီးလည်း ပေါ်ထွန်းခဲ့သည်။

တန်ဖိုးရှိသည့် ကျောက်မျက်၊ ကမ္ဘာတွင်အကောင်းဆုံးကျောက်စိမ်းများထွက်ရှိရာ မြန်မာသည်

စာမျက်နှာ ၁၂ ကော်လံ ၄ ■

ယူရို ၂၀၀၄ ပထမအကြိုဗိုလ်လုပွဲသုံးသပ်ချက်

လစ္စဘွန်းမြို့ အိမ်ရှင်ပရိသတ်ထောင်သောင်းရှေ့မှောက်၌ လိမ္မော်ရောင်ဟော်လန်က ပေါ်တူဂီကိုကျော်လွှားနိုင်ပါ့မလား

ကိုဇေဒွေး - သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၇

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အကြိုဗိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များသည် မြန်မာ့ဘောလုံး ဝါသနာရှင်များ အိပ်ရေးပျက်ခံရကျိုးနပ်သော ပွဲကြီးပွဲကောင်းများဖြစ်ခဲ့သလို မထင်မှတ်သော ရလဒ်များလည်း ပေါ်ထွက်ခဲ့သည်။ အိမ်ရှင်ပေါ်တူဂီနှင့် အင်္ဂလန်တို့ ပယ်နယ်တီဖြင့်ဆုံးဖြတ်ပြီးမှ အိမ်ရှင်ပေါ်တူဂီ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသကဲ့သို့ ဟော်လန်နှင့် ဆွီဒင်တို့သည်လည်း ပယ်နယ်တီဖြင့် အဆုံးအဖြတ်ယူပြီးမှ ဟော်လန်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

မြန်မာ့ကျောက်မျက်ရတနာခန်းမ ပတ်ဝန်းကျင်တွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံး ကျောက်စိမ်းရိုင်းအများအပြားကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)